# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ နယုန်လဆန်း (၅) ရက် ၊ အင်္ဂါနေ့ ၊ (11-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) အတွင်း ချည်မျှင်နှင့်အထည်များကို အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော်  ဇွန်  ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) စက်ရုံအစည်း အဝေးခန်းမတွင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော် ဝါစိုက်ပျိုးရေးတပ်များက ဝါစိုက်ပျိုးရေးလုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေ များ၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်မတော် ဝါစိုက်ပျိုးရေးတပ်များသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြား ချက်များကို လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ စိုက်ပျိုးရာသီအလိုက် လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့်

**စာမျက်နှာ ၁၇ ကော်လံ ၁** ☞



ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# (၂၇)နှစ်ပြည့်မြောက်ခဲ့သည့် ဘင်းမ်စတက်

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးကာ နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို လိုက်နာကျင့်သုံးလျက်ရှိသောနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာနှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လျက်ရှိသည်မှာ နှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏တည်နေရာသည် တောင်အာရှတွင်တည်ရှိသောကြောင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ဘင်းမ်စတက်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်း ငါးနိုင်ငံဖြင့် ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဘင်းမ်စတက်အဖွဲ့(BIMSTEC) ကို စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ဘင်းမ်စတက်အဖွဲ့တွင် ဘူတန်နှင့် နီပေါတို့လည်းပါဝင်လာသဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံဖြစ်လာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများကိုယ်စား (၂၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးတို့ကိုပေးပို့သည့် သဝဏ်လွှာ၌ **"၂၇ နှစ်တာအတွင်း ဘင်းမ်စတက်သည် ၁၉၉၇ ခုနှစ် ဗန်ကောက်ကြေညာစာတမ်းတွင် ပြဋ္ဌာန်းထားသည့် မူဝါဒများကိုအခြေခံသည့် စုပေါင်းဆောင်ရွက်မှုဖြင့် ဒေသတွင်း လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာယန္တရားများကို ခိုင်မာမှုရှိအောင်ဆောင်ရွက်နိုင်ခြင်း စသည့်ထင်သာမြင်သာရှိသော တိုးတက်မှုများရရှိခဲ့ပါသည်။ ဘင်းမ်စတက်သည် ဒေသတွင်းနိုင်ငံများပူးပေါင်းဆောင်ရွက်မှုအတွက် စင်္ကြံတစ်ခုအဖြစ်သာမက အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်လေးစားမှုနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများကိုလည်း တိုးတက်ခိုင်မာစေသည့်အတွက် ကျွန်ုပ်အနေဖြင့်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ထို့ပြင် အပြန်အလှန်အထောက်အကူပြုခြင်းဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းလျက် ဒေသတွင်းလူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကျွန်ုပ်တို့၏မြဲမြံသော ကတိကဝတ်များကို ဘင်းမ်စတက်ပဋိညာဉ်စာတမ်းက အထင်အရှားပြသနေပါသည်။ စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ဖြေရှင်းရာတွင် ဘင်းမ်စတက်မူဘောင်အောက်မှ စုပေါင်းအင်အားဖြင့် ကြိုးပမ်းနိုင်ခဲ့သည့်အတွက် ကျွန်ုပ်အနေနှင့်အဖွဲ့ဝင်နိုင်ငံအားလုံးကို အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။ ဘင်းမ်စတက်ပဋိညာဉ်စာတမ်း၏ လမ်းညွှန်မှုဖြင့် ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှုနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်မှုများက အနာဂတ်စိန်ခေါ်မှုများကို ဆက်လက်ကျော်လွှားနိုင်မည့် အဓိကအရာများဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်"** ဟူ၍ ထည့်သွင်းဖော်ပြခဲ့သည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ နည်းပညာ၊ လူ့စွမ်းရည်ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များ အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးမှုရရှိစေရေးအတွက် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်သည့်အပြင် တန်းတူရည်တူစိတ်ဓာတ်ဖြင့် ဒေသတွင်း စီးပွားရေးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ရေးအတွက် နိုင်ငံအချင်းချင်းကြားပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးရှိစေခဲ့သည်ကို တွေ့မြင်ကြရပေမည်ဖြစ်သည်။ ဤသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန်အကူအညီပေးခြင်းဖြင့် လက်တွေ့တွင်အကျိုးရလဒ်များကိုဖြစ်ထွန်းစေခဲ့သည့် ၂၇ နှစ်ပြည့်မြောက်ခဲ့သည့် ဘင်းမ်စတက်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ရေးသားအပ်ပါသည်။

## ပြည်ပနိုင်ငံများက ဝယ်ယူမှုရှိလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ငရုတ်သီးခြောက်အဝယ်လိုက်နေ

**မန္တလေး ဇွန် ၁၀**

ပြည်ပနိုင်ငံများက ဝယ်ယူမှုရှိလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ငရုတ်သီးခြောက်အဝယ်လိုက်နေကြောင်း ငရုတ်သီးပွဲရုံပိုင်ရှင် ဦးသိန်းထွန်းလင်းက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ငရုတ်သီးခြောက်ဈေးနှုန်းများမှာ အမျိုးအစားအလိုက် မျှားနီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ မှ ၅၅၀၀ ထိ၊ ပန်းတနော်(ရှည်) တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ မှ ၅၁၀၀ ထိရှိကြောင်း သိရသည်။

"ထိုင်းနိုင်ငံက ငရုတ်ရာသီကတော့ ကုန်တော့မှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဝယ်ယူမှုရှိလာသလို တရုတ်နိုင်ငံကလဲ အနည်းငယ်ဝယ်ယူမှုရှိလာတယ်။ အထွက်နှုန်းကလဲနည်းတော့ ဈေးကောင်းရရှိပါတယ်"ဟု ငရုတ်သီးပွဲရုံပိုင်ရှင် ဦးသိန်းထွန်းလင်းက ပြောပြသည်။

ငရုတ်သီးဈေးနှုန်းများမှာ စတင်ပေါ်သည့်အချိန်မှ မေလ တတိယပတ်ထိ အရောင်းအဝယ်အေးခဲ့ကြောင်း၊ လက်ရှိ ပြည်ပနိုင်ငံများက ဝယ်ယူမှုပြုလုပ်လာခြင်းကြောင့် ဈေးကွက်အတွင်း ငရုတ်သီးအရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

ငရုတ်ကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဆောင်းရာသီ၌သာစိုက်ပျိုးနိုင်ကြောင်း သိရသည်။ (ဝ၄၉)

## မန္တလေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ရွှေဟင်္သာသရက်သီးများ ပြည်တွင်းဈေးကွက်၌ တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ထိ ဈေးရရှိနေ



**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ရွှေဟင်္သာသရက်သီးများသည် ပြည်တွင်းလက်လီဈေးကွက်၌ တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ထိ ဈေးရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

ရွှေဟင်္သာသရက်သီးများသည် ယခုအခါ စပေါ်လာပြီး ဈေးကွက်အတွင်းသို့ ဝင်လာပြီဖြစ်ကြောင်း၊ ရွှေဟင်္သာသရက်သီးများသည် လှိုင်လှိုင်ထွက်ရှိမှုမရှိသေးဘဲ အနည်းငယ်သာထွက်ရှိသေးကြောင်း၊ လက်ရှိပြည်တွင်းလက်လီဈေးကွက်၌ ရွှေဟင်္သာသရက်သီး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်မှာ ရွှေဟင်္သာသရက်သီးက တစ်လုံးကို ငွေကျပ် ၁၀၀၀ ထိရကြပါတယ်။ ရွှေဟင်္သာသရက်သီးတွေကပေါပေါများများတော့ မထွက်သေးပါဘူး။ အခုမှစတင်ထွက်ရှိလာပြီး ဈေးကွက်ထဲဝင်ရောက်လာတာပါ။ စိန်တလုံးသရက်သီးတွေကတော့ ကုန်ချိန်ရောက်ရှိနေပါပြီ။ ရွှေဟင်္သာသရက်သီးတွေကတော့ စထွက်လာချိန်မှာပဲ ပြည်တွင်း လက်လီဈေးကွက်မှာ ဈေးကောင်းရရှိနေပါတယ်။ တရုတ်နိုင်ငံဈေးကွက်ကိုလဲ ပို့နေပါတယ်။ ပြည်တွင်းဈေးကွက်မှာ ခြင်းတွေ၊ ချပ်ဖာတွေနဲ့ ရောင်းချတာမဟုတ်ဘဲ အလုံးလိုက်ပဲရောင်းတာတွေ့ရတယ်။ ဈေးကွက်မှာတော့ အလုံးအရွယ်အစားပေါ်မူတည်ပြီးရောင်းချကြပါတယ်။ အလုံးသန့်ရင်သန့်သလို ဈေးကောင်းရပါတယ်"ဟု မြန်မာသရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ဧက ၃၅၀၀၀ ကျော်ရှိကြောင်း၊ စိန်တလုံးသရက်သီးစိုက်ပျိုးသည့်အပြင် ရင်ကွဲသီး၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက်သရက်သီးမျိုးများကိုလည်း စိုက်ပျိုးကြကြောင်း၊ လက်ရှိ ပတ္တမြားငမောက်သရက်သီးများကို ပြည်ပဈေးကွက်သို့သာရောင်းချနေကြောင်း သိရသည်။ (၁၈၅)

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၁၀**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲအရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့်မတ်ပဲအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့်မတ်ပဲအမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်ခဲ့ကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့မတ်ပဲတွေ အရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် အခြားဂျုံ၊ တရုတ်ပဲကြီး စတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပြောင်း၊ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ ဈေးကွက်အတွင်း ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၆၀၀၀၊ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၇၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

**သာစည် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မယ်ဇလီကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မယ်ဇလီကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦးကိုငွေကျပ် ရှစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း၊ ကုန်ထုတ် လုပ်ငန်းလုပ်ကိုင်သူ ၁၄၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၁၀ ကို ငွေကျပ် ၂၈ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၇၈ လမ်း၊ ၃၅ လမ်းထောင့်နေ ဦးသန်းလှိုင်-ဒေါ်သောင်းကြည် တော်ဝင်ဖိနပ်ဆိုင် မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၄၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမမ္မမဏိဇောတရေ ဦးစိုးလင်းနှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် မေလအတွင်းက ခရီးသွားဧည့်သည် ၅၄၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**ငပုတော ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မြတ်မော်တင်စွန်းစေတီအနီးရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် မေလအတွင်းက ခရီးသွားဧည့်သည် ၅၄၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေကို ပြီးခဲ့သည့် ဧပြီလအတွင်းက ခရီးသွားဧည့်သည် ၄၈၉၅၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ခရီးသွားဧည့်သည် ၅၄၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်းက ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၅၄၅၅၅ ဦးထိလာရောက်လည်ပတ်ခဲ့ပါတယ်။ နွေရာသီကျောင်းပိတ်ရက်ဖြစ်တာကြောင့် ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်ခဲ့ပါတယ်။ ဒီငွေတောင်ကမ်းခြေက အခြားကမ်းခြေတွေနဲ့မတူတာက မြတ်မော်တင်စွန်းစေတီအနီးမှာရှိတာကြောင့် ဘုရားဖူးလာရင်း ကမ်းခြေကိုလာတဲ့ဧည့်သည်တွေ များပါတယ်။ လာတဲ့ဧည့်သည်တွေကတော့ ဒေသတွင်းခရီးသွားတွေအပြင် ရန်ကုန်နဲ့ နေပြည်တော်က လာတဲ့ခရီးသွားတွေ များပါတယ်" ဟု ငပုတောမြို့နယ်ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို ပြီးခဲ့သည့် မေလအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့်ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးစသည့် လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများ ပူးပေါင်းဆောင်ရွက်နေကြောင်း ဒေါ်နီနီမာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကြံခင်းမြို့နယ် ကြံတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံတောကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ငွေကျပ်သန်း ၇၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြံတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၅၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၇ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို ငွေကျပ် သန်း ၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၇၃ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၄၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်မှာ ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၄၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်။ ဒီလိုစိုက်ပျိုးတာက ပိုးမွှားရောဂါကျရောက်မှုလဲ သက်သာစေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၆၆၂ ဧက၊ အင်းတော်မြို့နယ်တွင် ၈၅၃ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၇၉၃ ဧက နှင့်ဗန်းမောက်မြို့နယ်တွင် ၁၆၅ ဧက စုစုပေါင်း ၅၄၇၃ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ငှက်ပျောစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၆၆၂ ဧက၊ အင်းတော်မြို့နယ်တွင် ၈၂၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၇၉၃ ဧကနှင့်ဗန်းမောက်မြို့နယ်တွင် ၁၆၅ ဧက စုစုပေါင်း ၅၄၄၇ ဧက ဖြစ်ကြောင်း သိရသည်။

ငှက်ပျောတစ်ဧကလျှင် အပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကစိုက်ပျိုး စရိတ်မှာ ငွေကျပ်သိန်း ၂၀ ထိကုန်ကျကြောင်း၊ ခူးဆွတ်ရောင်းချချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ရရှိကြောင်း သိရသည်။

(၂၀၆)



# အန်ကာနယ်မြေကိုလေ့လာခြင်း (အပိုင်း-၁)

ပါမောက္ခကိုကိုအောင်



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင်မြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သည့် Wat Phnom ကို တွေ့ရစဉ်။

လွန်ခဲ့သော ၆ ရာစုအတွင်းက ဥရောပတိုက် အင်္ဂလန်ပြည်၌ လူဦးရေ ငါးသိန်းခန့်သာရှိနေချိန်တွင် အာရှတိုက်အတွင်း၌ လူဦးရေ တစ်သန်းနှစ်သိန်းကျော်နေထိုင်သော နိုင်ငံငယ်ကလေးတစ်ခု ရှိနေခဲ့သည်။ ထိုစဉ်က အင်္ဂလန်ပြည် လူဦးရေ၏ နှစ်ဆခွဲမျှ လူဦးရေရှိခဲ့သည့် နိုင်ငံငယ်ကလေးတည်ရှိရာနေရာကို အာရှတိုက်ဟုသာ ယေဘုယျဆန်ဆန် ပြောနေရသော်လည်း တကယ့်တိတိကျကျ ပြောရမည်ဆိုလျှင်မူ ထိုနိုင်ငံငယ်ကလေး တည်ရှိရာဒေသမှာ အရှေ့တောင်အာရှဒေသပင်ဖြစ်သည်။ တစ်နည်းဆိုရသော် အာဆီယံဒေသတွင်း နိုင်ငံကလေးတစ်ခုပင်ဖြစ်သည်။ ထိုနိုင်ငံငယ်ကလေးသည်ကား တစ်ချိန်က အန်ကာယဉ်ကျေးမှုခေတ်တစ်ခေတ်ကို ကမ္ဘာ့အလယ်၌ ဝင့်ဝင့်ကြွားကြွားထူထောင်ခဲ့ရာ၊ အန်ကာယဉ်ကျေးမှု ထွန်းကားခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံပင်ဖြစ်ပေသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင်မြို့ Institute of Technology, Cambodia (ITC)၌ ကျင်းပပြုလုပ်မည့် Engineering Science Fair (2018) နှင့် The 6th ASEAN- Korea Engineering Forum သို့ တက်ရောက်ပါရန် ဖိတ်ကြားခံခဲ့ရသည့်အတွက် နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Emirate လေကြောင်းလိုင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင်မြို့သို့ စတင်ထွက်ခွာခဲ့သည်။

Emirate လေကြောင်းလိုင်းဖြင့် လိုက်ပါခဲ့သော မိမိသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင်ရောက်ရှိသည်။ AAET-Cambodia Chapter မှ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ Dr. Pak Canada က လေဆိပ်၌ လာရောက်ကြိုဆိုပြီး ငှင်းစီစဉ်ထားသော မိုက်ခရိုဘတ်စ်ဖြင့် Sunway Hotel သို့ သွားရောက်ကြသည်။ Sunway Hotel ၌ ခေတ္တတည်းခိုနေထိုင်ရန်အတွက် AAET-Cambodia Chapter က ကြိုတင်စီစဉ်ပေးထားခြင်းဖြစ်သည်။

Sunway Hotel ၌ ကြိုတင်ရောက်ရှိနေသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မိမိအနေဖြင့် ရောက်ရှိသည့်ရက်မှစ၍ သုံးညအိပ်လေးရက်တာ တည်းခိုနေထိုင်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် စတင်ကျင်းပမည့် Phnom Penh Engineering Science Fair & SMEs, SMIs Show (2018) သို့ တက်ရောက်ရန်အတွက် ထိုနေ့ နံနက် ၇ နာရီ မိနစ် ၃၀ တွင် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များနှင့်အတူ Sunway Hotel မှ Institute of Technology, Cambodia (ITC) ဆီသို့ မိုက်ခရိုဘတ်စ်ဖြင့် ထွက်ခွာခဲ့ကြသည်။

ITC သို့အရောက်တွင် AAET-Cambodia Chapter မှ တာဝန်ရှိသူများက အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များကို နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြသည်။ ကြိုဆိုမိတ်ဆက်ပွဲတွင် AAET-Cambodia Chapter ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Meas Sokhon ကလည်းကောင်း၊ သိပ္ပံသုတေသနဌာန၏ အကြီးအကဲဖြစ်သူ Dr.Chan Roath ကလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms.Kong Sorita ကလည်းကောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားများကို အသီးသီးပြောကြားခဲ့ကြသည်။

ထို့နောက် AAET ၏ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Dr. Chuah Hean Teik က ဖွင့်ပွဲမိန့်ခွန်းပြောကြားပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၃၀ တွင် Phnom Penh Engineering Science Fair & SMEs, SMIs Show (2018) ကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ AAET ကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဌာနဆိုင်ရာနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံ တက္ကသိုလ်နှင့် ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဧည့်သည်တော်များအားလုံးက ကဏ္ဍတစ်ခုချင်းစီအလိုက် ခင်းကျင်းပြသထားသော ပြခန်းများကို အားပေးလေ့လာကြည့်ရှုကြသည်။ အဆိုပါပြပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစက်မှုကုန်ထုတ်လုပ်ငန်းများက ပါဝင်ခင်းကျင်းပြသခဲ့ကြသလို ကမ္ဘောဒီးယားနိုင်ငံတက္ကသိုလ်များမှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက တီထွင်ဖန်တီးထားသော အီလက်ထရွန်နစ်ပစ္စည်းများ၊ ကလေးဉာဏ်ရည်တက်စေသော ကစားနည်းများကို လက်တွေ့ပြုလုပ်ပြသခဲ့ကြသည်။

အလားတူပင် စိုက်ပျိုးရေးကိုအခြေခံသော အာဆီယံဒေသတွင်းနိုင်ငံတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံထွက် အဆင့်မြင့်ပေါင်းဆန်နှင့် ကောက်ညှင်းဆန်များ၊ ဝိုင်များ၊ တာရှည်အထားခံသော သီးနှံအခြောက်များနှင့် သစ်သီးဖျော်ရည်များကိုလည်း ခင်းကျင်းပြသခဲ့သည်။ ပြခန်းများကို လေ့လာကြည့်ရှုအားပေးရင်းဖြင့်ပင် တစ်ချိန်က ပြည်တွင်းစစ်ဘေးဒဏ်ကို မရှုမလှခံခဲ့ရသည့် ကမ္ဘောဒီးယားသည် ပြည်တွင်းဖူလုံရေးကိုသာမက ပြည်ပဈေးကွက်နှင့် အာဆီယံဒေသတွင်းဈေးကွက်များကိုပါထိုးဖောက်ရန် အားထုတ်ကြိုးပမ်းနေသည်ကို ကောင်းစွာခံစားမိလိုက်သည်။

အစည်းအဝေးအပြီးတွင် ဖနောင်းပင်မြို့၏ အထင်ကရ နေရာတစ်ခုဖြစ်သော Wat Phnom Historical Site သို့ သွားရောက်သည်။ ထိုနေရာက မိမိခေတ္တတည်းခိုနေထိုင်ရာ Sunway Hotel နှင့် မလှမ်းမကမ်းမှာပင်တည်ရှိသဖြင့် ထိုနေရာသို့ ဦးစားပေးသွားရောက်လေ့လာခြင်းဖြစ်သည်။ Wat Phnom သည် ဖနောင်းပင်မြို့၏ အထင်ကရနေရာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကျယ်ဝန်းသန့်ပြန့်ကာ လေကောင်းလေသန့်ရရှိသည်။ အလယ်တွင် ကုန်းမြင့်ပေါ်၌တည်ဆောက်ထားသော တန်ဆောင်းကြီးတစ်ခု တည်ရှိပြီး အဆိုပါတန်ဆောင်းအတွင်း၌ လက်ရာအလွန်ကောင်းသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

❖ အစည်းအဝေးအပြီးတွင် ဖနောင်းပင်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော Wat Phnom Historical Site သို့ သွားရောက်သည်။ ထိုနေရာက မိမိခေတ္တတည်းခိုနေထိုင်ရာ Sunway Hotel နှင့် မလှမ်းမကမ်းမှာပင်တည်ရှိသဖြင့် ထိုနေရာသို့ ဦးစားပေး သွားရောက်လေ့လာခြင်းဖြစ်သည်။ Wat Phnom သည် ဖနောင်းပင်မြို့၏အထင်ကရနေရာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကျယ်ဝန်းသန့်ပြန့်ကာ လေကောင်းလေသန့်ရရှိသည်။ အလယ်တွင် ကုန်းမြင့်ပေါ်၌တည်ဆောက်ထားသော တန်ဆောင်းကြီးတစ်ခုတည်ရှိပြီး အဆိုပါတန်ဆောင်းအတွင်း၌ လက်ရာအလွန်ကောင်းသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ ❖

တန်ဆောင်းကြီးပေါ်သို့တက်သည့် လှေကားကြီး၏ လက်ရန်းနှစ်ဖက်စလုံးတွင် ဧရာမနဂါးရုပ်ကြီးများကို ပြုလုပ်ထားပြီး နိုင်ငံတကာမှလာရောက်ကြသော ခရီးသွားဧည့်သည်များက အဆိုပါ နဂါးရုပ်လက်ရန်းများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ မိမိက တန်ဆောင်းကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို ရှိခိုးပူဇော်ကန်တော့သည်။

ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်းကြီး၏ဘေး တစ်ဆင့်နိမ့်သော ကုန်းမြင့်ပေါ်၌မူ တရုတ်ရိုးရာ ဘုရားကျောင်းတော်တစ်ခု တည်ရှိပြီး အဆိုပါကျောင်းတော်ဆီသို့လည်း သွားရောက်လေ့လာသည်။ ဤသို့ဖြင့် Wat Phnom ရှေးဟောင်းနယ်မြေ၌ အချိန်တစ်နာရီခန့်ကြာပြီးနောက် ကမ္ဘောဒီးယားဘုရင့်နန်းတော်တည်ရှိရာ Golden Palace ဆီသို့ ဆက်လက်သွားရောက်သည်။


Golden Palace သည် မဲခေါင်မြစ်နှင့် တုန်လေဆက်မြစ်တို့ဆုံစည်းရာ ရှုခင်းအလွန်ကောင်းသော နေရာ၌ တည်ရှိပြီး ကျယ်ဝန်းပြန့်ပြူးကာ လေကောင်းလေသန့်ကောင်းစွာရရှိသည်။ အဆိုပါနေရာ တစ်ဝိုက်တွင် နောက်ခံမြင်ကွင်းအမျိုးမျိုးတို့နှင့်အတူ အမှတ်တရဓာတ်ပုံများရိုက်ကူးကြသည်။ Golden Palace ၌ ကမ္ဘောဒီးယား၏ လက်ရှိဘုရင် သီဟာမိုနီ၏ဓာတ်ပုံနှင့်အတူ ဖခမည်းတော်နှင့်မယ်တော်ဖြစ်သော ယခင်ကမ္ဘောဒီးယားဘုရင်ကြီး သီဟာနုနှင့်ကြင်ရာတော်တို့၏ ဓာတ်ပုံကြီးများကို ခံ့ညားထည်ဝါစွာချိတ်ဆွဲထားရှိသည်။

ထိုကဲ့သို့ ကမ္ဘောဒီးယား၏ လက်ရှိဘုရင်သီဟာမိုနီနှင့် ယခင်ကမ္ဘောဒီးယား၏ဘုရင်ကြီး သီဟာနုနှင့်ကြင်ရာတော်တို့၏ ဓာတ်ပုံများယှဉ်တွဲချိတ်ဆွဲထားမှုကို ဖနောင်းပင်မြို့၏ အထင်ကရနေရာများအားလုံး၌သော်လည်းကောင်း၊ အစိုးရရုံးများ၌သော်လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့်ကျောင်းများ၌သော်လည်းကောင်း တွေ့ရှိရသည်။

Golden Palace ကို လေ့လာကြည့်ရှုပြီးသောအခါ ဒေသစံတော်ချိန် ညနေ ၄ နာရီကျော်ပြီဖြစ်၍ တည်းခိုရာ Sunway Hotel ဆီသို့ပြန်သည်။ အကြောင်းမှာ အဆိုပါ Hotel ၌ AAET-Cambodia Chapter က တည်ခင်းမည့် ညစာစားပွဲကို အချိန်မီတက်ရောက်ရန်ပင်ဖြစ်သည်။ Hotel သို့ ပြန်ရာ လမ်းတစ်လျှောက်တွင် ဖနောင်းပင်မြို့၏ အထင်ကရစူပါမားကက်များ၊ စားသောက်ဆိုင်များ၊ စတိုးဆိုင်ကြီးများ၊ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့ရုံးနှင့် ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတကာပညာရေးဆိုင်ရာတက္ကသိုလ်နှင့်ကောလိပ်များ၊ ကမ္ဘောဒီးယားအစိုးရတက္ကသိုလ်များ၊ ကျောင်းများစသည်တို့ကို သပ်ရပ်သန့်ရှင်းလှပစွာတွေ့မြင်ရသည်။

မြို့တွင်းအသွားအပြန်လမ်းတစ်လျှောက်၌သော်လည်းကောင်း၊ Engineering Science Fair ကျင်းပရာ ITC သို့ အသွားအပြန်လမ်း၌သော်လည်းကောင်း အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်ထားခြင်းမျိုးကို မတွေ့ရသလောက်နည်းပါးလှပြီး သတ်မှတ်နေရာများ၌သာ အမှိုက်ထုပ်များဖြင့် စွန့်ပစ်ထားသည်ကို တွေ့ရသည့်အတွက် အချိန်တိုကာလအတွင်းတွင်ပင် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကြောင်းရင်းတစ်ရပ်အဖြစ် စည်းကမ်းတကျ အမှိုက်ပစ်ခြင်းနှင့် အမှိုက်သိမ်းစနစ်ကောင်းမွန်ခြင်း သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သုံးသပ်လိုက်မိသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မိဘတိုင်းက အခရာ

- လူငယ်တွေ ရိုးသားဖို့
ကြိုးစားလို့ သင်ယူပါ၊
လက်ဦးဆရာ မည်ပေစွ
မိဘအခရာ၊
သားသမီး ရတနာ
ထွန်းလာရန် အစဉ်တွေး၊
စည်းကမ်းကို နည်းလမ်းကျ
ညွှန်ပြမနေး။

- စိတ်ဓာတ်ကို ဖြူစင်ဖွေးဖို့
လေ့ကျင့်ပေး ပျိုးထောင်လေ၊
လူသားဆန် ရပ်တည်ချက်နဲ့
ရှေ့ဆက်မသွေ၊
အတ္တကို ရှောင်ခွာစေ
ပရဟိတ်ကိုလေ နှလုံးသွင်း၊
မြင့်မြတ်သူ လူဂုဏ်ပုဒ်က
ပြယုဂ်ထင်လင်း။

- ပညာကို သင်ယူခြင်းဖြင့်
မပျင်းဖို့ အစဉ်နှိုးဆော်၊
ခေတ်အညီ စနစ်သစ်
ထုဆစ်ပုံဖော်၊
လူကောင်းတို့ အားထားမျှော်
လူတော်ကို တို့လိုလား၊
နိုင်ငံတော် ကမ္ဘာ့စင်မြင့်ဝယ်
ဂုဏ်တင့်စေသား။ ။

**စန်းထက်(ဖန်ခါးမြေ)**

# ယခုဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် ကန်ဒေါ်လာ ၂၇၂၇ ဒသမ ၁၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဇွန် ၁၀**

ယခုဘဏ္ဍာနှစ် ဧပြီလနှင့်မေလ နှစ်လတာကာလအတွင်း မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် အမေရိကန်ဒေါ်လာ ၂၇၂၇ ဒသမ ၁၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလနှင့်မေလ နှစ်လတာကာလအတွင်းတွင် မြန်မာ့ကုန်သွယ်မှုကဏ္ဍအနေဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅၅၀ ဒသမ ၉၆ သန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃၆၃၉ ဒသမ ၀၃၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၉၁၁ ဒသမ ၉၂၃ သန်းဆောင်ရွက်နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၇၂၇ ဒသမ ၁၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဧပြီလနှင့်မေလ နှစ်လတာကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက ပို့ကုန်ကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၁၅၆၆ ဒသမ ၂၈၉ သန်း၊ သွင်းကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၀၇၂ ဒသမ ၇၄၈ သန်း စုစုပေါင်း ပို့ကုန်ပမာဏအမေရိကန်ဒေါ်လာ ၃၆၃၉ ဒသမ ၀၃၇ သန်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကလည်း ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၇၄၀ ဒသမ ၉၅၄ သန်း၊ သွင်းကုန်ကဏ္ဍမှအမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၉၆၉ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၁၁ ဒသမ ၉၂၃ သန်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ် ဧပြီလနှင့်မေလ နှစ်လတာကာလအတွင်း မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် အမေရိကန်ဒေါ်လာ ၂၇၂၇ ဒသမ ၁၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

# မင်းလှမြို့နယ် သက္ကယ်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ချင်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက သက္ကယ်ချင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက သက္ကယ်ချင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သက္ကယ်ချင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦးကို ငွေကျပ် ၃၇ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ပဲတီစိမ်း ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ပဲတီစိမ်းများကို ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မေလထဲမှာ ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲတီစိမ်းတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူအားကောင်းလာတာကြောင့် ရန်ကုန်ဘက်က ဝယ်ယူမှုများလာတာပါ။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်၊ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ပဲတီစိမ်းတွေကိုတော့ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံကို အများဆုံး တင်ပို့ရောင်းချတာပါ။ အခုပြည်ပဈေးကွက်က တော်တော်အဝယ်လိုက်လာတယ်လို့သိရပါတယ်"ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိဈေးရှိကြောင်း၊ အဆိုပါပဲတီစိမ်းများ ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## နိုင်ငံတကာ သတင်းများ

# အီရန်သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ခြောက်ဦး ယှဉ်ပြိုင်ခွင့်ရရှိ

**တီဟီရန် ဇွန် ၁၀**

အီရန်အစိုးရ ပြည်စောင့်ကောင်စီသည် လာမည့်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရထားသည့် သမ္မတလောင်းများစာရင်းကို ဇွန် ၉ ရက်တွင်ထုတ်ပြန်ခဲ့သည်။

အီရန်ပြည်စောင့်ကောင်စီ၏ ကြေညာချက်အရ အီရန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိအီရန်လွှတ်တော်ဥက္ကဋ္ဌအပါအဝင်သမ္မတလောင်းခြောက်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရထားကြောင်း သိရသည်။

သို့သော် အီရန်ပြည်စောင့်ကောင်စီသည် ဩဇာကြီးမားသည့် အီရန်နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် သမ္မတဟောင်း အမာဒီနီဂျက်ကို သမ္မတရွေးကောက်ပွဲ ယှဉ်ပြိုင်ခွင့်ထပ်မံပိတ်ပင်ခဲ့သည်။

အီရန်နိုင်ငံသည် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သမ္မတရိုင်စီ ကွယ်လွန်ခဲ့ရပြီးနောက် ဇွန် ၂၈ ရက်တွင် သမ္မတရွေးကောက်ပွဲ ကျင်းပရန် စီစဉ်ထားသည်။

အီရန်ပြည်စောင့်ကောင်စီ၏ သမ္မတလောင်းစာရင်း ထွက်ပေါ်လာခဲ့ပြီးနောက် သမ္မတလောင်းများအနေဖြင့် ရက်သတ္တနှစ်ပတ်ကြာ မဲဆွယ်လှုပ်ရှားမှုများ စတင်နိုင်မည်ဖြစ်သည်။

အီရန် ပြည်စောင့်ကောင်စီသည် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသူများကို စိစစ်ရွေးချယ်ပေးရသော အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# လာမည့်ရက်သတ္တပတ်များအတွင်း မြောက်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံများသို့ ရုရှားသမ္မတပူတင် သွားရောက်မည်



**မော်စကို ဇွန် ၁၀**

ရုရှားသမ္မတ ပူတင်သည် လာမည့်ရက်သတ္တပတ်များအတွင်း မြောက်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သမ္မတပူတင်အနေဖြင့် မြောက်ကိုရီးယားသို့ လာမည့်ရက်သတ္တပတ်များအတွင်းသွားရောက်ရန်စီစဉ်ထားပြီး ခရီးစဉ်အတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက ရုရှားပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားသမ္မတပူတင်သည် ယခုလအတွင်း ဗီယက်နမ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားမီဒီယာများ၏ အဆိုအရ သမ္မတပူတင်အနေဖြင့် မြောက်ကိုရီးယားခရီးစဉ် ပြီးဆုံးချိန်မှာပင် ဗီယက်နမ်ခရီးစဉ်ကို စတင်နိုင်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့ပြီး သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း အနောက်အုပ်စု၏ရန်ဘက်နိုင်ငံများဖြစ်ကြသော မြောက်ကိုရီးယားနှင့်အီရန်ကဲ့သို့သောနိုင်ငံများနှင့်ဆက်ဆံရေး မြှင့်တင်လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ရုရှားတပ်များ၏ နျူကလီးယားစစ်ရေး လေ့ကျင့်မှုများ၌ ဘီလာရုစ်လည်းပါဝင်

**မော်စကို ဇွန် ၁၀**

ရုရှားနိုင်ငံက ပြုလုပ်နေသည့် နျူကလီးယားလက်နက် စစ်ရေးလေ့ကျင့်မှုများတွင် ဘီလာရုစ်တပ်များလည်းပါဝင်နေကြောင်း ဘီလာရုစ် ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှား လက်နက်ကိုင်တပ်များသည် သမ္မတပူတင်၏ ညွှန်ကြားချက်အရ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များဖြန့်ကြက်ရေးလေ့ကျင့်မှုများကို ပြုလုပ်လျက်ရှိသည်။

ရုရှားတပ်များအနေဖြင့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်ဖြန့်ကြက်ရေး စစ်ရေးလေ့ကျင့်မှု ပထမအဆင့်ကို ပြီးခဲ့သည့်လအတွင်း ရုရှားနိုင်ငံတောင်ပိုင်း၌ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားတပ်များက နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ဖြန့်ကြက်ရေး စစ်ရေးလေ့ကျင့်မှုဒုတိယအဆင့်ကို ပြုလုပ်လျက်ရှိရာ ဘီလာရုစ်တပ်များလည်း ပူးပေါင်းပါဝင်နေကြောင်း ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် အဆိုပါနျူကလီးယားလက်နက်စစ်ရေးလေ့ကျင့်မှုများကို မည်သည့်နေရာများ၌ ပြုလုပ်နေသည်၊ မည်သည့်လက်နက် အမျိုးအစားများ ပါဝင်သည်တို့ကို ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ၎င်း၏နည်းဗျူဟာမြောက် နျူကလီးယားလက်နက်စနစ်များကို ပြီးခဲ့သည့်နှစ်အတွင်းကပင် ဘီလာရုစ်သို့ ပို့ဆောင်ဖြန့်ကြက်ထားပြီး ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# တရုတ်ဝန်ကြီးချုပ် လီချန်း ယခုရက်သတ္တပတ်အတွင်း နယူးဇီလန်နိုင်ငံသို့ သွားရောက်မည်

**ဝယ်လင်တန် ဇွန် ၁၀**

တရုတ်ဝန်ကြီးချုပ် လီချန်းသည် ယခုရက်သတ္တပတ်အတွင်း နယူးဇီလန်နိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဆွန်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီချန်း၏ အဆိုပါခရီးစဉ်သည် ခုနစ်နှစ်တာကာလအတွင်း တရုတ်ဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံးနယူးဇီလန်နိုင်ငံခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

မိမိအနေဖြင့် နယူးဇီလန်သို့ ရောက်ရှိလာမည့် တရုတ်ဝန်ကြီးချုပ် လီချန်းကို နွေးထွေးစွာကြိုဆိုမည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဆွန်က ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် တရုတ်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် တရုတ်နှင့်နယူးဇီလန်တို့ကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးလိမ့်မည် ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က သုံးသပ်ထားသည်။

ဝန်ကြီးချုပ်လီချန်းသည် ယခုနှစ်အတွင်း နယူးဇီလန်နိုင်ငံသို့ရောက်ရှိလာမည့် ဒုတိယမြောက် တရုတ်ထိပ်တန်းခေါင်းဆောင်ဖြစ်သည်။

ယခုနှစ်မတ်လကုန်ပိုင်းကလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် နယူးဇီလန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နယူးဇီလန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**


# အိန္ဒိယဝန်ကြီးချုပ်မိုဒီ ဝန်ကြီးချုပ်ရာထူးတတိယသက်တမ်းအတွက် နယူးဒေလီမြို့၌ ကျမ်းသစ္စာကျိန်ဆို

**ဒေလီ ဇွန် ၁၀**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဝန်ကြီးချုပ်ရာထူးတတိယသက်တမ်းအတွက် နယူးဒေလီမြို့၌ ဇွန် ၉ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်မိုဒီအနေဖြင့်ဝန်ကြီးချုပ်ရာထူးတတိယသက်တမ်းကာလအတွင်း ညွန့်ပေါင်းအစိုးရ၏မူဝါဒများတည်ငြိမ်ရေးတာဝန်ကို ခက်ခက်ခဲခဲထမ်းဆောင်ရဖွယ်ရှိသည်။

ဝန်ကြီးချုပ်မိုဒီ၏ ဝန်ကြီးချုပ်ရာထူးတတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲကို နယူးဒေလီမြို့ ရက်ရှ်တြပါတီဘာဗင် သမ္မတနန်းတော်၌ ကျင်းပခဲ့ရာ အိန္ဒိယသမ္မတ ဒရူပါဒီမာဖူး ကိုယ်တိုင် ဦးဆောင်ခဲ့ကြောင်း သိရသည်။



အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ ဝန်ကြီးချုပ်ရာထူးကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဒေသတွင်းနိုင်ငံ ခုနစ်နိုင်ငံမှ ခေါင်းဆောင်များ၊ ဘောလီးဝုဒ်ရုပ်ရှင်လောကမှ နာမည်ကျော်များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ တက်ရောက်ခဲ့ကြသည်။

ယခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်မိုဒီ၏ ဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ)မှာ ၁၀ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အမတ်နေရာအများစု ရယူနိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

သို့ဖြစ်ရာ ဘီဂျေပီပါတီအနေဖြင့် မိတ်ဖက်ပါတီများ၏အင်အားဖြင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရတော့မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သည့်နှစ်ပေါင်း လေးဘီလီယံခန့်ကပင် ကမ္ဘာဂြိုဟ်ပေါ်သို့ ပထမဆုံးမိုးစက်မိုးပေါက်များ ကျရောက်ခဲ့



**ပေကျင်း ဇွန် ၁၀**

လွန်ခဲ့သည့်နှစ်ပေါင်း လေးဘီလီယံခန့်ကပင် ကမ္ဘာဂြိုဟ်ပေါ်သို့ ပထမဆုံးမိုးစက်မိုးပေါက်များ ကျရောက်ခဲ့ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဇွန် ၉ ရက် သတင်းများအရ သိရသည်။

တရုတ်နှင့် ဩစတြေးလျသိပ္ပံပညာရှင်များသည် အနောက်ဩစတြေးလျပြည်နယ် ပေးလ်ဂျက်ခ် ကျောက်လွှာနယ်မြေရှိ ဇာကွန် ခေါ် တွင်းထွက်ခဲတနမူနာများကို လေ့လာခဲ့ကြကြောင်း သိရသည်။

ထိုသို့လေ့လာရာတွင် ဇာကွန်တွင်းထွက်များအတွင်းရှိ အောက်ဆီဂျင်အိုင်ဆိုတုပ်များသည် ကမ္ဘာပေါ်သို့ ပထမဆုံးကျရောက်ခဲ့သော ပထမဆုံး မိုးစက်မိုးပေါက်များ၏ သက်သေဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အထက်ပါ အောက်ဆီဂျင်အိုင်ဆိုတုပ်များ၏သက်တမ်းမှာ နှစ်ပေါင်း လေးဘီလီယံထိရှိရာ ကမ္ဘာပေါ်၌ ပထမဆုံးမိုးစက်မိုးပေါက်များကျလာချိန်မှာ လွန်ခဲ့သည့်နှစ်ပေါင်း လေးဘီလီယံခန့်ကပင်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

တရုတ်နှင့် ဩစတြေးလျသိပ္ပံပညာရှင်များ၏ အထက်ပါတွေ့ရှိချက်ရလဒ်အရ ကမ္ဘာပေါ်၌ ပထမဆုံးမိုးစက်မိုးပေါက်များကျလာချိန်သည် ယခင်ခန့်မှန်းထားသောကာလထက် နှစ်ပေါင်းသန်း ၅၀၀ ထိ ပိုစောနေကြောင်း သိရသည်။

ယခင်က ကမ္ဘာပေါ်၌ ပထမဆုံး မိုးစက်မိုးပေါက်များကျရောက်ချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၄၈ ဘီလီယံခန့်တွင် ဖြစ်ကြောင်း လက်ခံထားကြသည်။

**Ref : Xinhua News**

**Trs : KKO**

## လူတစ်ဦး၏ အသက် ၆၀ အရွယ် အနာဂတ်ကိုယ်ပွားကို ဖန်တီးပေးနိုင်မည့် အေအိုင်ဆော့ဖ်ဝဲတစ်မျိုးကို အမေရိကန်သိပ္ပံပညာရှင်များ ဖန်တီးထား

**ဝါရှင်တန် ဇွန် ၁၀**

လူတစ်ဦး၏ အသက် ၆၀ အရွယ် အနာဂတ်ကိုယ်ပွားကို ဖန်တီးပေးနိုင်မည့် အသိဉာဏ်တုနည်းပညာ (အေအိုင်) ဆော့ဖ်ဝဲတစ်မျိုးကို အမေရိကန်သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

Future You အမည်ရှိအဆိုပါ အေအိုင်ဆော့ဖ်ဝဲကို သုံးစွဲသူသည် မိမိကိုယ်တိုင်၏ အသက် ၆၀ အရွယ် အနာဂတ်ကိုယ်ပွားနှင့် စကားပြောဆိုနိုင်ပြီး အကြံဉာဏ်များပင် တောင်းခံနိုင်ကြောင်း သိရသည်။

Future You ဆော့ဖ်ဝဲကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် Future You အေအိုင်ဆော့ဖ်ဝဲကို စေတနာ့ဝန်ထမ်း ၃၃၄ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။



စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Future You အေအိုင်ဆော့ဖ်ဝဲသုံးစွဲသူများအနေဖြင့် ပို၍စိတ်လက်ပေါ့ပါးလာကြပြီး ၎င်းတို့၏ အနာဂတ်ကိုယ်ပွားများနှင့်လည်း အဆက်အသွယ်ပိုလုပ်လာသည်ကို တွေ့ရသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Future You ဆော့ဖ်ဝဲကို လာမည့်နှစ် အနည်းငယ်အတွင်း အများပြည်သူများ စတင်သုံးစွဲနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်က အင်္ဂါဂြိုဟ်ပေါ်ရှိ နီလီဖော့ဆေး ချောက်နက်များကိုလေ့လာတိုင်းတာနိုင်ခဲ့

**ပါရီ ဇွန် ၁၀**

ဥရောပ အာကာသအေဂျင်စီ၏ မားစ်အိတ်စပရက် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်ရှိ နီလီဖော့ဆေးအမည်ရှိ ချောက်နက်များကို လေ့လာတိုင်းတာနိုင်ခဲ့ကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

နီလီဖော့ဆေး ချောက်များသည် အိုင်စီဒစ်ပလန်နီးရှား ဥက္ကာချိုင့်ဝှမ်းလွင်ပြင်၏ အရှေ့ဘက်အနားစွန်း၌ တည်ရှိသောချောက်ကြီးများဖြစ်ကြသည်။

နီလီဖော့ဆေး ချောက်များသည် လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံက အင်္ဂါဂြိုဟ်ပေါ်သို့ ဂြိုဟ်သိမ်တစ်စင်းကျရောက်ပြီးနောက် အိုင်စီဒစ်ပလန်နီးရှား ဥက္ကာချိုင့်ဝှမ်းနှင့်အတူ ပေါ်ထွက်လာသည့် ချောက်များဖြစ်ကြကြောင်း သိရသည်။

နီလီဖော့ဆေး ချောက်များကို မားစ်အိတ်စပရက် အာကာသယာဉ်အနေဖြင့် OMEGA ခေါ် စူးစမ်းလေ့လာရေးကင်မရာစနစ်ကို သုံး၍ လေ့လာတိုင်းတာထားသည်ဟု ဥရောပအာကာသ အေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် မားစ်အိတ်စပရက် အာကာသယာဉ်သည် HRSC ခေါ် ကင်မရာစနစ်ကိုအသုံးပြု၍ နီလီဖော့ဆေးချောက်နယ်မြေကို ခတ်ပုံများ အသေးစိတ်ရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၀၃ ခုနှစ်တွင် လွှတ်တင်ခဲ့သော မားစ်အိတ်စပရက် အာကာသယာဉ်သည် ဥရောပအာကာသအေဂျင်စီ၏ ပထမဆုံး အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ကိုယ်ဝန်ဆောင်စဉ် Epilepsy ဆေးသုံးစွဲမှုကြောင့် ရင်သွေး၏စဉ်းစားဖန်တီးနိုင်မှုစွမ်းရည် ထိခိုက်မှုမရှိ

**နယူးယောက် ဇွန် ၁၀**

ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အတက်ရောဂါ (Epilepsy) ဆေးများသုံးစွဲခဲ့ရမှုကြောင့် မွေးဖွားလာသောရင်သွေးများ၏ စဉ်းစားဖန်တီးနိုင်မှုစွမ်းရည် ထိခိုက်မှုမရှိကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း Epilepsy ဆေးများသုံးစွဲခဲ့ရသော မိခင်လောင်းများနှင့် Epilepsy ရောဂါမရှိသူ မိခင်လောင်းများက မွေးဖွားလာသည့် ကလေးများကြားတွင် စဉ်းစားဖန်တီးနိုင်မှုစွမ်းရည် အဆင့် ကွာခြားမှုမရှိကြောင်း အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ကိုယ်ဝန်ဆောင်သက်တမ်း တတိယသုံးလအတွင်း Epilepsy ဆေး သုံးစွဲမှုအဆင့်မြင့်မားခဲ့ပါက ကလေးများ၏စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်အပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် Epilepsy ဆေးများသုံးစွဲရာတွင် ဘေးကင်းမှုရှိသည့်တိုင် ရင်သွေး၏ဖွံ့ဖြိုးမှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာနိုင်မည့်အရေးကို ရှောင်ရှားရေးအတွက် ချိန်ချိန်ဆဆသုံးစွဲရန်လိုကြောင်း သုတေသနပညာရှင်များက ထောက်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Epilepsy ဆေးများသုံးစွဲမှုကြောင့် မွေးဖွားလာသည့်ကလေးများ အသက်လေးနှစ်ရောက်ချိန်တွင် အခြားပုံမှန်ကလေးများနှင့် နှိုင်းယှဉ်ပါက စဉ်းစားဖန်တီးနိုင်စွမ်းအရ ကွာခြားမှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## သွေးတိုးရောဂါရှိသူများ အာရုံစိုက်ရသည့် လေ့ကျင့်ခန်းများကို တစ်ပတ်လျှင်တစ်ကြိမ်ပြုလုပ်ပါက Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၁၀**

အားစိုက်ပြုလုပ်ရသည့် လေ့ကျင့်ခန်းများကို သီတင်းတစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်ပြုလုပ်ပေးပါက သွေးတိုးရောဂါရှိနေသူများအနေဖြင့် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်ကြောင်း ဇွန် ၉ ရက်သတင်းများအရ သိရသည်။

သီတင်းတစ်ပတ်လျှင်အနည်းဆုံးတစ်ကြိမ်ကျ အားစိုက်ရသည့် လေ့ကျင့်ခန်းများ ပြုလုပ်မည်ဆိုပါက သွေးတိုးရောဂါရှိနေသည့်တိုင် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လေ့ကျင့်ခန်းပြုလုပ်မှု၏ အကျိုးသက်ရောက်မှုများကို နားလည်ရေးအတွက် အသက် ၅၀ နှင့် အထက် သွေးတိုးလူနာ ၉၃၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ သက်ကြီးပိုင်း သွေးတိုးလူနာများအနေဖြင့် သီတင်းတစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်ကျ လေ့ကျင့်ခန်းပြုလုပ်လျှင်ပင် ဦးနှောက်ကျန်းမာရေးကိုထိန်းထားနိုင်ကြောင်း သိရသည်။

အထူးသဖြင့် လေ့ကျင့်ခန်းပြုလုပ်မှု၏ ဦးနှောက်အပေါ်အကျိုးသက်ရောက်မှုကို အသက် ၇၅ နှစ်နှင့်အောက် ရှိသူများတွင် ပိုထင်ရှားကြောင်း သုတေသနပညာရှင်များကသုံးသပ်ထားသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဖလိုရီယန်ဝစ်ကို ၂၀၂၅ ခုနှစ်တွင် ခေါ်ယူနိုင်ရန် ရီးရဲလ်မက်ဒရစ် သဘောတူညီမှုရရှိခဲ့ဟုဆို

**မက်ဒရစ် ဇွန် ၁၀**

ရီးရဲလ်မက်ဒရစ် အသင်းသည် အနာဂတ် စီမံကိန်းအတွက် လေဗာကူဆင်အသင်းတွင် ခြေစွမ်းပြသနေသည့် တောင်ပံကစားသမား ဖလိုရီယန်ဝစ်ကို လာမည့် ၂၀၂၅ ခုနှစ်တွင် ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဖလိုရီယန်ဝစ်သည် ယခုနှစ်ပြိုင်ပွဲစုံတွင် လေဗာကူဆင်အသင်းနှင့်အတူ ပုံစံကောင်းပြသနိုင်ခဲ့ကာ အသင်းအား အမှတ်ပေးပြိုင်ပွဲရှုံးပွဲမရှိအောင် ပါဝင်ကူညီ၍ ချန်ပီယံဆုဖလား ရယူပေးခဲ့သည့်အပြင် ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ဆုဖလားရယူပေးခဲ့သောကြောင့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့သည်။

သို့သော် လေဗာကူဆင်အသင်းက ကစားသမားကို ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့သဖြင့် ၎င်းသည် လာမည့် ၂၀၂၅ ခုနှစ် နွေရာသီထိ လေဗာကူဆင်အသင်းတွင် ဆက်ရှိမည်ဖြစ်သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ၂၀၂၅ ခုနှစ်မတိုင်မီ အကြိုသဘောတူညီမှုရရှိရန် ကြိုးပမ်းခဲ့ရာ ကစားသမားနှင့် အကြိုသဘောတူညီမှုရရှိခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို သန်း ၁၅၀ ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ်တွင် ၁၅ ကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ရယူခဲ့ပြီးနောက် အမ်ဘက်ပီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့သဖြင့် တိုက်စစ်ပိုင်းတွင် အမ်ဘက်ပီ၊ အန်းဒရစ်၊ ဗင်နီစီးယက်စ်၊ ရိုဒရီဂိုတို့ ရှိလာခဲ့သောကြောင့် ဘယ်လင်ဟမ်ကို နံပါတ် ၈ နေရာတွင် ထည့်သွင်းအသုံးပြုရန် စီစဉ်ခဲ့ပြီး တိုက်စစ်ကစားသမား နောက်တွင် ဖလိုရီယန်ဝစ်အား နောက်ချန်တိုက်စစ်အဖြစ် အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**





## အားကစားသတင်းအတိုအထွာများ

- စတမ်းဖို့ဒ်ဘရစ်တွင်ကစားခဲ့သည့် Soccer Aid ရန်ပုံငွေပွဲစဉ်တွင် နည်းပြလမ်းပတ်တာဝန်ယူခဲ့သည့် အင်္ဂလန်အသင်းက နည်းပြပိုချက်တီနို ကိုင်တွယ်သည့် ကမ္ဘာ့ဘောလုံးအသင်းကို ခြောက်ဂိုးသုံးဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာနည်းပြ ဖလစ်က ကွင်းလယ်ပိုင်းကို အကောင်းဆုံး တည်ဆောက်လိုသောကြောင့် မန်ယူလူငယ်ကစားသမားကိုဘီမိုင်နူးကို စတာလင်ပေါင် ၈ ဒသမ ၅ သန်းအပြင် ရာဖင်ဟာနှင့် အလိုက်ပေးကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက တိုက်စစ်မှူး ဘရိုဂျာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ရောင်းချရန် အဲဗာတန်အသင်းနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ၂၀၂၅ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ယူးဆို့ဖ်ဖိုဖန်နာ မိုနာကိုအသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ML**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်



**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိနေသည့် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၃ နာရီ ခွဲက ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရွှေဝတီအသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၉ မိနစ်တွင် ယွန်းဝတီလှိုင်က ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ရွှေဝတီယူနိုက်တက် အသင်း၏ ပြန်လည်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၇၈ မိနစ်တွင် အေးအေးထွေးက ရန်ကုန်ယူနိုက်တက် အသင်းအတွက် နောက်ထပ်ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်အချို့ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**STA**

# French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အယ်ကာရက်ဇ် ဆွတ်ခူး

**ပဲရစ် ဇွန် ၁၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် French Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၃၊ ၂-၆၊ ၅-၇၊ ၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်အတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် French Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ပထမဦးဆုံးအကြိမ် ဆွတ်ခူးရရှိသွားခဲ့ခြင်း ဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်းဆုဖလားအား သုံးလုံးမြောက်ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။


အသက် ၂၁ နှစ်အရွယ်သာရှိသေးသည့် အယ်ကာရက်ဇ်သည် မတူညီသော ကွင်းအမျိုးအစားတွင် ဂရန်းစလန်း ချန်ပီယံဆုဖလား သုံးလုံးကို ဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံးသော ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ငယ်စဉ်ကလေးဘဝကတည်းက လေးစားအားကျရသော ရာဖေးလ်နာဒယ်၏ပွဲစဉ်များကို ရုပ်သံလိုင်းမှ စောင့်ကြည့်ခဲ့ရသည့် လူငယ်တစ်ဦးအနေဖြင့် ၎င်းလေးစားအားကျရသည့်ကစားသမားကြီး၏ စံချိန်မှတ်တမ်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မတူညီသော ကွင်းအမျိုးအစားတွင် ဂရန်းစလန်းချန်ပီယံဆုဖလားသုံးလုံးကို ရရှိခဲ့စဉ် ရာဖေးလ်နာဒယ်၏ အသက်မှာ အယ်ကာရက်ဇ်ထက် တစ်နှစ်ခွဲကြီးခဲ့သည်။

အယ်ကာရက်ဇ်က "မတူညီတဲ့ ကွင်းအမျိုးအစား သုံးမျိုးမှာ ဂရန်းစလန်းဆုဖလား သုံးလုံးကို ဆွတ်ခူးနိုင်ခဲ့တာဟာ ဂုဏ်ယူစရာကောင်းတဲ့မှတ်တမ်းပါ။ ဒါပေမဲ့လဲ ကျွန်တော့်အတွက်တော့ ထူးခြားမနေပါဘူး။ ဆိုလိုတာက ဂရန်းစလန်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ ခံစားမှုအားလုံးကို ဂုဏ်ယူစရာကောင်းတာချင်း အတူတူပါပဲ။ ဒီဗိုလ်လုပွဲစဉ်ဟာ ကျွန်တော့်အတွက် အရမ်းကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ဇီရက်ဖ် ကစားသွားတာ အရမ်းကောင်းတယ်။ သူ့ကိုအနိုင်ကစားနိုင်ဖို့ ကျွန်တော့်မှာရှိတဲ့ စွမ်းဆောင်ရည်အားလုံးကို အသုံးပြုခဲ့ရတယ်။ ဇီရက်ဖ်ဟာလဲ ချန်ပီယံဆုနဲ့ ထိုက်တန်တဲ့ ကစားသမားတစ်ယောက်ပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# မန်စီးတီးအသင်းက ဖိုဒန်ကို လုပ်ခလစာ နှစ်ဆတိုးမြှင့်၍ သက်တမ်းတိုးရန် တရားဝင်ကမ်းလှမ်း

**မန်ချက်စတာ ဇွန် ၁၀**

မန်စီးတီးအသင်းသည် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၂၀၀၀၀၀ ရရှိနေသည့် တောင်ပံကစားသမား ဖိုဒန်အား လုပ်ခလစာ နှစ်ဆတိုးမြှင့်၍ သက်တမ်းတိုးရန် ဆုံးဖြတ်ထားပြီး လာမည့်နှစ် ဘောလုံးရာသီမစခင် လက်မှတ်ရေးထိုးရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ တောင်ပံကစားသမား ဖိုဒန်သည် ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိ ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ပြီးနောက် မန်စီးတီးအသင်းက လုပ်ခလစာ နှစ်ဆတိုးမြှင့်ကာ သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ မန်စီးတီးအသင်းတွင် တိုက်စစ်မှူး ဟာလန်းနှင့် ကွင်းလယ်ကစားသမား ဒီဘရိုင်းတို့ တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၇၅၀၀၀ ရရှိနေသဖြင့် အသင်း၏ လစာအများဆုံးအဖြစ် ရပ်တည်နေသော်လည်း ဖိုဒန်အနေဖြင့် အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးပါက လုပ်ခလစာ အများဆုံးကစားသမား ဖြစ်လာမည်ဖြစ်ပြီး အင်္ဂလန် ကစားသမားများထဲတွင် တစ်ပတ်လုပ်ခလစာ အများဆုံး ဘောလုံးသမား ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။


ဖိုဒန်သည် မန်စီးတီးအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ဘာစီလိုနာအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသဖြင့် အသင်းတာဝန်ရှိသူများက ၎င်းကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ကာ ခြေစွမ်းပြသနိုင်မှုအပေါ် ဂုဏ်ပြု ချီးမြှင့်လိုသည့်အတွက် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၇၅၀၀၀ ဖြင့် ကာလရှည် သက်တမ်းတိုးနိုင်ရန် ဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

ဖိုဒန်သည် ၂၀၁၆ ခုနှစ်က မန်စီးတီးအသင်းကြီးနှင့် ပူးပေါင်းခဲ့ပြီးနောက် ပရီးမီးယားလိဂ် ခြောက်ကြိမ်အပါအဝင် ဆုဖလား ၁၅ လုံးထိ ရယူနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ် သမိုင်းတွင် ဆုဖလား ၁၃ ကြိမ် ရယူခဲ့သည့် ရိုင်ယန်ဂစ်၏စံချိန်ကို လိုက်မီရန် ပစ်မှတ်ထားနေသဖြင့် မန်စီးတီးအသင်းနှင့် ကာလရှည် လက်တွဲသွားရန် သေချာနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်က နျူကလီးယားတိုက်ချင်းပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုပြုလုပ်ခဲ့



ပြီးခဲ့သောသီတင်းပတ် သုံးရက်တာအတွင်း တိုက်ချင်းပစ်ဒုံးကျည် (ICBMs) စမ်းသပ်မှုနှစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာခဲ့ပြီး ၎င်းစမ်းသပ်ပစ်လွှတ်မှုသည် ကမ္ဘာ့လက်ရှိဖြစ်ရပ်များနှင့် မသက်ဆိုင်ကြောင်းထုတ်ပြန်ခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံက Minuteman III တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်းကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ Vandenberg အာကာသတပ်ဖွဲ့အခြေစိုက်စခန်းက ဇွန် ၄ ရက်နှင့် ဇွန် ၆ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။ ၎င်းတို့သည် ပုံမှန်တပ်ဆင်လေ့ရှိသည့် နျူကလီးယားထိပ်ဖူးများအစား ပုံစံတူ Dum- Myre-Entry ထိပ်ဖူးများတပ်ဆင်၍ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

၎င်းစမ်းသပ်ပစ်လွှတ်မှုများသည် ၂၁ ရာစု ခြိမ်းခြောက်မှုများကို ဟန့်တားရန်နှင့် မဟာမိတ်နိုင်ငံများကို လုံခြုံမှုပိုင်းစိတ်ချစေရန်အတွက် အမေရိကန်၏ နျူကလီးယားအဟန့်အတားစွမ်းရည်သည် လုံခြုံစိတ်ချရပြီး ထိရောက်ကြောင်းပြသရန် ရည်ရွယ်သည့် လုပ်ရိုးလုပ်စဉ်နှင့် အချိန်အခါအလိုက် စမ်းသပ်ပစ်လွှတ်မှုများ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်သည်ဟု အမေရိကန်လေတပ် ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်ရေးကွပ်ကဲမှုဌာနချုပ် (Global Strike Command)က ပြောကြားခဲ့သည်။

ယခုအချိန်ထိ ဤကဲ့သို့သော စမ်းသပ်မှုအကြိမ် ၃၀၀ ကျော်ရှိနေပြီဟု ပင်တဂွန်စစ်ဌာနချုပ်က မှတ်ချက်ပြုခဲ့ပြီး ယခုသီတင်းပတ်အတွင်း စမ်းသပ်ပစ်လွှတ်မှုသည် လက်ရှိကမ္ဘာ့ဖြစ်ရပ်များ၏ ရလဒ်မဟုတ်ကြောင်း ပြောကြားသည်။

ရုရှားနိုင်ငံသည် စစ်ဒေသခရိုင်များထဲမှ စစ်ဒေသခရိုင်တစ်ခုတွင် ပြီးခဲ့သောလအတွင်း နည်းဗျူဟာမြောက် နျူကလီးယားစစ်ရေးလေ့ကျင့်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး ယူကရိန်းအရေးတွင် အနောက်နိုင်ငံများနှင့် တင်းမာမှုအရှိန်မြင့်တက်လာမှုအပေါ် ရုရှားတို့ဘက်က တုံ့ပြန်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။ ယူကရိန်းသည် ရုရှား၏ ကြိုတင်သတိပေးရေးရေဒါစနစ်နှစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာချိန်မှစ၍ နျူကလီယား စမ်းသပ်ပစ်လွှတ်မှု မြင့်တက်လာခဲ့ခြင်းလည်းဖြစ်သည်။

အမေရိကန်လေတပ်နှင့် အာကာသတပ်ဖွဲ့သည် စမ်းသပ်မှုကိုအတူတကွ လုပ်ဆောင်ခဲ့ကြပြီး ဒုံးကျည်သည် Marshall ကျွန်းစုရှိ Kwajalein Atoll ကျွန်းနေရာတစ်ခုတွင် ကျရောက်ပေါက်ကွဲခြင်းမပြုမီအကွာအဝေးမိုင် ၄၂၀၀ ခန့်ထိ ပျံသန်းခဲ့ကြောင်း သိရသည်။ စမ်းသပ်မှုအောင်မြင်ခဲ့ခြင်း ရှိ၊ မရှိကိုမူ သီးခြားထုတ်ပြန်ထားခြင်းမျိုး မရှိပေ။

Minuteman III ဒုံးကျည်များကို ၁၉၇၀ ပြည့်နှစ်များတွင် ပထမဆုံး စတင်အသုံးပြုခဲ့ကြသည်။ အမေရိကန်သည် ၎င်းတို့ကိုအစားထိုးရန် အဆင့်မြင့်စနစ်မရှိသေးဘဲ နှစ်ပေါင်း ၅၀ ကြာ တပ်ဖြန့်အသုံးပြုခဲ့ပြီးနောက် အမေရိကန်ရှိ ပြည်နယ်ငါးခုတွင် ဒုံးကျည်အစင်း ၄၀၀ ခန့်ကို မြေအောက်သိုလှောင်ရုံများတွင် သိမ်းဆည်းထားသည်။ Sentinel ပရိုဂရမ်သည် သတ်မှတ်အချိန်ကာလထက် နောက်ကျနေသည့်အပြင် အသုံးစရိတ်ပိုင်းတွင်လည်း မျှော်မှန်းထားသည်ထက်ကျော်လွန်နေပြီး ပထမအကြိမ် စမ်းသပ်ပျံသန်းမှုကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလထိ ဆောင်ရွက်ရန် မဖြစ်နိုင်သေးကြောင်း အမေရိကန်လေတပ်က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင် အမေရိကန်နိုင်ငံမဟာဗျူဟာမြောက်ကွပ်ကဲမှုဌာနချုပ် (US Strategic Command)အကြီးအကဲက Minuteman III တိုက်ချင်းပစ်ဒုံးကျည်၏ ရည်မှန်းချက်တာဝန် ထမ်းဆောင်နိုင်မှုသက်တမ်းကို ဆက်လက်တိုးမြှင့်ရန် မဖြစ်နိုင်တော့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

“အဲဒါက အရမ်းဟောင်းနေပြီဆိုတော့ အချို့ကိစ္စတွေမှာ Drawings ပုံတွေက မရှိတော့ဘူး”ဟု ရေတပ်ဗိုလ်ချုပ်ကြီး Charles Richard က ပြောကြားသည်။

ယခုနှစ်အစောပိုင်းတွင် ပင်တဂွန်စစ်ဌာနချုပ်သည် ဘိုးရင်းကုမ္ပဏီကို Minuteman III တိုက်ချင်းပစ်ဒုံးကျည်များကြံ့ခိုင်ပြုပြင်ထိန်းသိမ်းမှုနှင့်ဝန်ဆောင်မှုအတွက် အမေရိကန်ဒေါ်လာ ၄၀၅ သန်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

**US tests nuclear missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီက ဒုတိယမြောက် CM200 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ယူကရိန်းသို့ပို့ဆောင်

ပြင်သစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် Thales ကုမ္ပဏီသည် ဒုတိယမြောက် CM200 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ရောင်းချပေးနိုင်ရန်အတွက် ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနနှင့် စာချုပ်အသစ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုဝယ်ယူမှုသည် လက်ရှိဖြစ်ပေါ်နေသော လေကြောင်းခြိမ်းခြောက်မှုများကို ရင်ဆိုင်ရာတွင် ယူကရိန်း၏ခံစစ်စွမ်းရည်ကိုမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဥရောပ၏ ထိပ်တန်းလေကြောင်းရန်ကာကွယ်ရေးစနစ်များ ပေါင်းစည်းမှုတွင် Thales သည် အမျိုးမျိုးသောဝေဟင်ခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးနိုင်ရန် နည်းပညာများကို ဆက်လက်တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထုတ်လုပ်ထားသော စနစ်များသည် ဆုံးဖြတ်ချက်ချသည့်ကွင်းဆက်တစ်ခုလုံးကို ကနဦးရှာဖွေတွေ့ရှိမှုနှင့်ခြိမ်းခြောက်မှုများကို စိစစ်ခွဲခြားဖော်ထုတ်ခြင်းမှသည် တိုက်ခိုက်ချေမှုန်း၊ ပျက်ပြယ်စေသည့်အဆင့်ထိ လေပိုင်နက်တစ်လျှောက် ခိုင်မာသောကာကွယ်ရေးကို အာမခံချက်ပေးနိုင်သည်။

၂၀၂၃ ခုနှစ်တွင် ပံ့ပိုးပေးခဲ့သော ပထမဆုံး လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အောင်မြင်စွာတပ်ဖြန့်အသုံးပြုနိုင်ခဲ့မှုနှင့် စစ်မြေပြင်ထိရောက်မှုကို သက်သေပြနိုင်ခဲ့ပြီးနောက် ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနသည် ဒုတိယမြောက် စနစ်တစ်ခုကို မှာယူခဲ့ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်သည် စစ်မြေပြင်တိုက်ပွဲဖြစ်ပွားနေသည့် အခြေအနေများတွင် ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီထုတ်နည်းပညာများ၏ ယုံကြည်စိတ်ချရမှုနှင့် ထိရောက်မှုကို အလေးပေးဖော်ပြနေခြင်းဖြစ်သည်။



CM200 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် မတူကွဲပြားသော ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုး၊ အမြင့်ပေအမျိုးမျိုးမှ ပစ်မှတ်များကို ခြေရာခံရန် ဒီဇိုင်းထုတ်ထားပြီး တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ (VS-HORAD)မှသည် အကွာအဝေး စွမ်းဆောင်ရည် တိုးမြှင့်ထားသော တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်များ (E-SHORAD)ထိ ပေါင်းစည်းအသုံးပြုနိုင်မည်ဖြစ်သည်။ စနစ်တွင်ပါဝင်ဖွဲ့စည်းထားသော Ground Master 200 ရေဒါစနစ်သည် ပစ်မှတ်လမ်းကြောင်းပေါင်းစုံကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းရှာဖွေထောက်လှမ်းနိုင်စွမ်းရှိပြီး ကြိုတင်သတိပေးနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ ဤသို့ လျင်မြန်စွာခြေရာခံနိုင်မှုသည် ကြီးကြပ်ကွပ်ကဲမှုစနစ်အတွက် ခြိမ်းခြောက်မှုများကို ဦးစားပေးအဆင့်အတန်းအလိုက် အကဲဖြတ်ဆန်းစစ်နိုင်ရန်နှင့် ၎င်း၏လက်နက်စနစ်များထဲမှ သင့်လျော်သောလက်နက်စနစ်များထံ ပစ်မှတ်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ခွဲဝေပေးရန် လွန်စွာအရေးပါလှသည်။

အရပ်ဘက်နှင့်စစ်ဘက် တပ်ရင်း၊ တပ်ဖွဲ့ဝင်များ၏ ဘေးကင်းလုံခြုံမှုကို အာမခံချက်ပေးနိုင်သော CM200 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ကြည်း၊ ရေ၊ လေ နယ်ပယ်စုံမှထွက်ပေါ်လာနိုင်မည့် ခြိမ်းခြောက်မှုများကို ကြိုတင်သတိပေးနိုင်ရန် ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိမည်ဖြစ်သည်။ ထိုအဆင့်မြင့် လေကြောင်းရန်ကြိုတင်သတိပေးရေးစနစ်ဖြင့် ယူကရိန်းသည် အလားအလာရှိသော လေကြောင်းခြိမ်းခြောက်မှုများကို စီမံခန့်ခွဲရန်နှင့်အမျိုးသားလုံခြုံရေးကို အလုံးစုံမြှင့်တင်ရန် ဝယ်ယူတပ်ဆင်ခဲ့ခြင်းလည်းဖြစ်သည်။ ပြင်သစ်ကုမ္ပဏီ Thales က ယူကရိန်း၏ ကာကွယ်ရေးလိုအပ်ချက်များကို ခေတ်မီနည်းပညာများဖြင့် ပံ့ပိုးကူညီကာ ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ပေးသွားမည်ဟု ထုတ်ဖော်ပြောကြားထားသည်။

**Thales From France Delivers Second CM200 Air Defence System to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အစ္စရေးတို့ကို စစ်မျက်နှာနှစ်ဖက်မှခြိမ်းခြောက်လာသော ဟစ်ဇ်ဘိုလာအဖွဲ့

ဟစ်ဇ်ဘိုလာအဖွဲ့သည် ဇွန် ၂ရက်တွင် အစ္စရေးနိုင်ငံမြောက်ပိုင်းအား တိုက်ခိုက်နေမှုကို အရှိန်မြှင့်တင်လုပ်ဆောင်လာလျက်ရှိပြီး အစ္စရေးနယ်စပ်ကို ဒုံးကျည်ပေါင်းများစွာဖြင့် ပစ်ခတ်ခဲ့ရာ မီးလောင်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်။ ဟစ်ဇ်ဘိုလာလက်နက်ကိုင်အဖွဲ့က အစ္စရေးတို့၏ အဆင့်မြင့်ဒရုန်းများအနက်မှ ဒရုန်းတစ်စင်းကိုပစ်ချနိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုပြီး နှစ်ရက်အကြာတွင် ထိုသို့ တိုက်ခိုက်မှုများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အဖွဲ့အနေဖြင့် မကြာသေးမီအချိန်အတွင်းကပင် လေကြောင်းရန်ကာကွယ်ရေးစစ်ဆင်ရေးများကို အောင်မြင်စွာဆင်နွှဲလာနိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သောအစ္စရေး-ပါလက်စတိုင်းစစ်ပွဲသည် အစ္စရေးတို့၏ အမျိုးသားလုံခြုံရေး အခြေခံသဘောတရားပြိုကွဲမှုကို ထင်ဟင်ပေါ်လွင်လာစေလျက်ရှိသည်။ အစ္စရေးတို့၏အမျိုးသားလုံခြုံရေး အခြေခံသဘောတရားလေးမျိုးအနက် ဟန့်တားခြင်း၊ ကြိုတင်သတိပေးခြင်းနှင့်ကာကွယ်ခြင်းဆိုသည့် အစိတ်အပိုင်းသုံးခုသည် လုံးလုံးလျားလျားကျရှုံးလျက်ရှိသည်။ အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကိုစစ်ဆင်နွှဲနေလျက်ရှိစဉ် ဟစ်ဇ်ဘိုလာနှင့်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခသည် လုံးလုံးလျားလျား ပျက်သုဉ်းမှုဆီသို့ ဦးတည်လာလျက်ရှိသည်။

အီရန်က ကျောထောက်နောက်ခံပေးထားသည့် ယီမင်ရှိ ဟူသီသူပုန်အဖွဲ့နှင့်ဆီးရီးယားနှင့်အီရတ်တို့ရှိ အခြားသောအဖွဲ့များ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့သည် ဂါဇာအပေါ် အစ္စရေးတို့၏ စစ်ပွဲစတင်ကတည်းက ၎င်းတို့၏စစ်ရေး၊ ထောက်လှမ်းရေးနှင့် မီဒီယာစွမ်းဆောင်ရည်များ တိုးတက်လာမှုတို့ကို လက်တွေ့ပြသလျက်ရှိသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ပိုမိုတိကျပြီးဖျက်စွမ်းအားကြီးမားသော ဒုံးကျည်အသစ်များကို ပဋိပက္ခအတွင်း စတင်အသုံးပြုလာလျက်ရှိသည်။ ထို့ပြင် အစ္စရေး၏ လေကြောင်းရန်ကာကွယ်ရေးစနစ် အားနည်းချက်ကို ခွဲခြားနိုင်သည့် ၎င်း၏စွမ်းဆောင်ရည်ကိုလည်း ထုတ်ဖော်ပြသပြီး ပစ်မှတ်များကို နေ့စဉ်နီးပါးပစ်ခတ်ကာ စစ်ဆင်ရေးလုပ်ငန်းစဉ်များ ရုပ်ထွေးအောင် တိုက်ခိုက်လျက်ရှိသည်။

သာဓကအနေဖြင့် ဇွန် ၃ ရက်တွင် ဟစ်ဇဘိုလာအဖွဲ့က ၎င်းတို့အနေဖြင့် အစ္စရေးစစ်ဘက်၏ Galilee ဌာနချုပ်သို့ ဒရုန်းများအုပ်စုဖွဲ့ပျံသန်းကာ ထိုးဖောက်တိုက်ခိုက်နိုင်ခဲ့ကြောင်း ပထမဆုံးအကြိမ် ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းဌာနချုပ်သည် လက်ဘနွန်နှင့်စစ်မျက်နှာဖွင့်ထားသည့်နေရာပင်ဖြစ်သည်။ ဟစ်ဇ်ဘိုလာတို့၏ ဒရုန်းအများစုသည် ခြေရာခံထောက်လှမ်းမှုကို ရှောင်ကွင်းနိုင်ရေး ခပ်နိမ့်နိမ့်နေရာမှပျံသန်းသောကြောင့် အစ္စရေးတို့၏ ဝေဟင်ကို အောင်မြင်စွာထိုးဖောက်တိုက်ခိုက်လျက်ရှိသည်။

လက်ဘနွန်နယ်စပ်တစ်လျှောက် တိုက်ခိုက်မှုမြင့်တက်လာခြင်းသည် ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အစ္စရေးတို့အပေါ် အီရန်၏တိုက်ခိုက်မှုအကျိုးဆက်အဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ မအောင်မမြင်ဖြစ်ခဲ့သည်ဟု ပြောဆိုခဲ့သော အဆိုပါတိုက်ခိုက်မှုသည် ဟစ်ဇ်ဘိုလာတို့အတွက် မဟာဗျူဟာမြောက်အသီးအပွင့်များ ခံစားရနိုင်သည့် မဟာဗျူဟာမြောက်လှုပ်ရှားမှုတစ်ခုဖြစ်လာခဲ့သည်။ ၎င်းတိုက်ခိုက်မှုသည် အီရန်၏အတွက်အချက် ပြောင်းလဲမှုတစ်ခုဖြစ်ခဲ့ပြီး အစ္စရေးတို့အနေဖြင့် အာရပ်နှင့်အနောက်နိုင်ငံများ၏ အကူအညီမပါလျှင် လက်တုံ့ပြန်တိုက်ခိုက်မှုများကို ကာကွယ်နိုင်ခြင်းမရှိသလို တိုက်ခိုက်လာမှုများကိုလည်း ဟန့်တားနိုင်စွမ်းမရှိကြောင်း လှစ်ဟပြသစေခဲ့သည်။

ထို့ပြင် အစ္စရေးတို့အနေဖြင့် လေကြောင်းစိုးမိုးမှုကို လုံးလုံးလျားလျားထိန်းချုပ်နိုင်မှုမရှိသလို လက်ဘနွန်နိုင်ငံအပေါ်တွင်လည်း လွတ်လွတ်လပ်လပ်အရေးယူဆောင်ရွက်နိုင်စွမ်းမရှိတော့ဟု ပြောဆိုရတော့မည်ဖြစ်သည်။ မေ ၁၄ ရက်တွင် ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးတို့၏ကင်းထောက်ပူဖောင်းများကို ပစ်ချခဲ့သည့်အပြင် ထိန်းချုပ်ကိုင်တွယ်သည့်အခြေစိုက်စခန်းကိုပင်လျှင် တိုက်ခိုက်ခဲ့သည်။ ထို့ပြင် ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် အစ္စရေးတို့၏ အဆင့်မြင့်ဒရုန်းများကိုလည်း အကြိမ်ကြိမ်တိုက်ခိုက်ပစ်ချလျက်ရှိသည်။ သာဓကအနေဖြင့် ဇွန် ၁ ရက်တွင် ဟစ်ဇ်ဘိုလာအဖွဲ့သည် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်တန်ဖိုးရှိသော Hermes 900 ဒရုန်းကို ဒုတိယအကြိမ်မြောက် ပစ်ချနိုင်ခဲ့သည်။



### စိတ်ဓာတ်စစ်ဆင်ရေးဆင်နွှဲခြင်း

ဟစ်ဇ်ဘိုလာအဖွဲ့၏ ခြိမ်းခြောက်မှုမြင့်တက်လာခြင်းသည် အစ္စရေးပြည်သူများကြား စိုးရိမ်ပူပန်မှုနှင့် အဆိုးမြင်ဝါဒများ ကိန်းအောင်းလာစေလျက်ရှိသည်။ ထိုသို့ ဖြစ်ပေါ်လာခြင်းသည် အစ္စရေးလူမှုအသိုက်အဝန်းကြား အစိုးရ၏နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာဦးဆောင်နိုင်မှုအပေါ် မေးခွန်းထုတ်လာသူများနှင့် အစိုးရအပေါ် ထောက်ခံသူများဟူ၍ အုပ်စုနှစ်ခုကွဲမှုဖြစ်ပေါ်လာစေလျက်ရှိသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ အခြေချနေထိုင်သူများကို ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာအောင် ခြိမ်းခြောက်တိုက်ခိုက်လျက်ရှိသဖြင့် အစ္စရေးပြည်သူအများစုသည် ထိုနေရာမှစွန့်ခွာထွက်ပြေးတိမ်းရှောင်နေရလျက်ရှိသည်။ လက်ဘနွန်နယ်စပ်ရှိ Metulla မြို့တော်ဝန်က မြို့နေပြည်သူ ၄၀ ရာခိုင်နှုန်းခန့်သည် မြို့တော်သို့မည်သည့်အချိန်မှ ပြန်လာတော့မည်မဟုတ်ကြောင်း အခိုင်အမာပြောဆိုလျက်ရှိသည်။

အစ္စရေးပြည်သူ ဦးရေ ၉၆၀၀၀ ခန့် အိမ်ခြေရာမဲ့ဖြစ်ပေါ်လျက်ရှိသည့် Galilee ဒေသရှိ ပဋိပက္ခအတွင်းမှ အခြားမြို့တော်ဝန်များကလည်း အစ္စရေးနိုင်ငံမှ လုံးလုံးလျားလျားခွဲထွက်ရန် ကြေညာသွားမည်ဟု ခြိမ်းခြောက်ပြောဆိုလျက်ရှိသည်။ ၎င်းတို့သည် အိမ်ခြေရာမဲ့များကို ပြန်လည်နေရာချထားပေးခြင်းမရှိသည့် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအပေါ် အလွန်အမင်း ဒေါသပုန်ထလျက်ရှိသည်။

အစ္စရေးအစိုးရသည် မြောက်ပိုင်းဒေသရှိ အိမ်ခြေရာမဲ့များ ပြန်လည်နေထိုင်နိုင်ရေးနှင့်နေရာချထားပေးမည့်စီမံကိန်းကို ကတိကဝတ်ပြုထားသော်လည်း မေ ၂၂ ရက်တွင် စီမံကိန်းအတည်ပြုရေးကို ပယ်ချခဲ့ပြီး မဲခွဲဆုံးဖြတ်မည့်အစီအစဉ်ကိုလည်း ရွှေ့ဆိုင်းခဲ့သည်။ နေတန်ယာဟုက မိမိတို့လုပ်ဆောင်မည့် အစီအမံများကို ဟစ်ဇ်ဘိုလာအဖွဲ့ကို အသိပေးသွားမည်မဟုတ်ကြောင်းပြောဆိုကာ အိမ်ခြေရာမဲ့များ ပြန်လာနိုင်မည့် နေရာချထားပေးမည့်အချိန် အတိအကျကို သတ်မှတ်ပေးရန်ငြင်းဆိုခဲ့သည်။

နေတန်ယာဟုအစိုးရအဖွဲ့အနေဖြင့် ပေးထားသော ကတိကဝတ်ကိုဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းသည် မူလကတည်းက ဂါဇာစစ်ပွဲတွင်စီမံခန့်ခွဲမှုနှင့်တိုင်းပြည်အုပ်ချုပ်မှုတို့နှင့်စပ်လျဉ်း၍ ၎င်းတို့အပေါ် အစ္စရေးပြည်သူများ၏ ယုံကြည်မှုကျဆင်းနေမှုကို ပိုမိုဆိုးရွားလာစေလျက်ရှိသည်။ နေတန်ယာဟုသည် ဂါဇာစစ်ပွဲကာလ တစ်လျှောက်လုံးတွင် ဟစ်ဇ်ဘိုလာအဖွဲ့အပေါ် ခြိမ်းခြောက်မှုအကြိမ်ကြိမ်ပြုလုပ်ထားပြီးဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။

အစ္စရေးစာနယ်ဇင်းသမား Bahum Barnea ၏ အဆိုအရ အစ္စရေးရှေ့တန်းစစ်မျက်နှာမှဗိုလ်ချုပ်ကြီးများအနေဖြင့် လက်ဘနွန်နှင့်စေ့စပ်ညှိနှိုင်းခြင်းသည်သာလျှင် ဂါဇာစစ်ပွဲအဆုံးသတ်မှုဖြစ်နိုင်ခြေရှိသည်ဆိုသော ရပ်တည်ချက်ကို တဖြည်းဖြည်းထောက်ခံလာလျက်ရှိကြောင်း၊ ဟစ်ဇ်ဘိုလာတို့အနေဖြင့်လည်း စစ်ပွဲစတင်ကတည်းက အလားတူရပ်တည်ချက်ကို စွဲကိုင်ထားကြောင်း ရေးသားဖော်ပြထားသည်။ လက်ဘနွန်နယ်စပ်တွင် မြင့်တက်လာသော တင်းမာမှုသည် အစ္စရေးစစ်ဘက်အား ဟားမတ်စ်တို့ဖမ်းဆီးထားသည့် ဓားစာခံများကို ပြန်လွှတ်ပေးမည့်စာချုပ်တစ်ရပ်ကို ထောက်ခံသွားရန် တွန်းအားပေးလျက်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းသည် အစ္စရေးနိုင်ငံမြောက်ပိုင်းတွင်လည်း ပြည်သူများပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် သဘောတူညီချက်တစ်ရပ် ရရှိနိုင်သည့် အလားအလာကောင်းများဖြစ်ပေါ်လာစေနိုင်ကြောင်း Barnea အစ္စရေးသတင်းဝက်ဘ်ဆိုက်တစ်ခု၌ ဖော်ပြထားသည်။

အစ္စရေးစစ်ဘက်၏ ရပ်တည်ချက်အသစ်သည် ဂါဇာစစ်ပွဲအရှုပ်တော်ပုံမှ ကိုယ်တိုင်ရုန်းထွက်ရန်နှင့် ဟစ်ဇ်ဘိုလာနှင့်ဖြစ်ပွားလျက်ရှိသော ရှုပ်ထွေးသည့် ပဋိပက္ခအခြေအနေမှ အစိုးရကို ရုန်းထွက်စေနိုင်မည့်နည်းလမ်းတစ်ရပ်ဖြစ်ဖွယ်ရာရှိနေသည်။ အမှန်တော့ အစ္စရေးတပ်မတော်အနေဖြင့် စစ်မြေပြင်တွင် ဖိအားပေးတိုက်ခိုက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခြင်းမရှိသလို အန္တရာယ်ကြီးမားသောလက်တုံ့ပြန်မှုများ လုပ်ဆောင်လာနိုင်သည့်ဟစ်ဇ်ဘိုလာအဖွဲ့နှင့်လည်း အကြီးစားစစ်ပွဲများ ဆက်လက်ဆင်နွှဲသွားရန် ဆန္ဒမရှိတော့ဟု ယူဆသွားရဖွယ်ရှိနေသည်။

အမှန်တော့ ဟားမတ်စ်တို့ဖမ်းဆီးခံထားရသော ဓားစာခံများ လွတ်မြောက်ရေးအတွက် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ လုပ်ဆောင်နေသည့် အစ္စရေးကိုယ်စားလှယ်အဖွဲ့၏ လုပ်ပိုင်ခွင့်ကို ပိုမိုတိုးချဲ့မြှင့်တင်ပေးသွားသင့်သည်ဆိုသောအချက်ကို ထောက်ခံသည့် တူညီသော သဘောထားဆန္ဒသည် အစ္စရေးလုံခြုံရေးအဖွဲ့များကြား ပိုမိုနက်ရှိုင်းလာလျက်ရှိသည်။ မေ ၂၃ ရက်တွင် စစ်ပွဲဆိုင်ရာအစိုးရအဖွဲ့ အစည်းအဝေးသည် အစ္စရေးစေ့စပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ ထိန်းချုပ်ထားမှုများကို ဖြေလျှော့ပေးရန် မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ ၎င်းလှုပ်ရှားမှုသည် ယခင်က နေတန်ယာဟုဆန့်ကျင်ခဲ့သော လှုပ်ရှားမှုပင်ဖြစ်သည်။

လက်ရှိအချိန်တွင် အစ္စရေးနိုင်ငံသည် ဟစ်ဇ်ဘိုလာအဖွဲ့၏ အကြီးမားဆုံးခြိမ်းခြောက်မှုနှင့်ရင်ဆိုင်ရလျက်ရှိပြီး ၎င်းအဖွဲ့သည် တိုက်ပွဲအတွေ့အကြုံများလေ့လာသင်ယူကာ နေ့စဉ်နှင့်အမျှ တိုးတက်မှုဖော်ဆောင်လျက်ရှိသည်။ အမှန်တော့ အစ္စရေးနိုင်ငံသည် ဂါဇာဒေသတွင် စစ်ဆင်ရေးဆင်နွှဲခဲ့သည့်အချိန်မှစ၍ အရှေ့အလယ်ပိုင်းဒေသရှိ နေရာပေါင်းစုံမှ အီရန်ကျောထောက်နောက်ခံပေးထားသော အုပ်စုများ၏ ဒုံးကျည်များ၊ ဒရုန်းများဖြင့် တိုက်ခိုက်မှုတို့ကိုခံရလျက်ရှိသည်။ လက်ရှိအချိန်တွင် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေး၏လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဒရုန်းများဖြင့် ထိုးဖောက်တိုက်ခိုက်လာနေပြီဖြစ်သည်။

အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာစစ်ပွဲနှင့်စပ်လျဉ်း၍ ဒေသတွင်းနိုင်ငံများ၏ ဆန့်ကျင်မှုနှင့်ရင်ဆိုင်ရလျက်ရှိသည့်အပြင် ဟစ်ဇ်ဘိုလာကဲ့သို့သော အီရန်ကျောထောက်နောက်ခံပေးထားသည့် အဖွဲ့များ၏ အဆင့်မြင့်ဒရုန်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကိုလည်းရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် ဂါဇာပဋိပက္ခအတွက် သံခင်းတမန်ခင်းဆိုင်ရာအဖြေသည် ဒေသတွင်း၌ အစ္စရေးနိုင်ငံအပေါ် တိုက်ခိုက်မှုများမှအကာအကွယ်ပေးနိုင်သော နည်းလမ်းများအနက်မှတစ်ခုပင်ဖြစ်ပေသည်။ ဆိုရလျှင် အောက်တိုဘာ ၇ ရက်တွင် စတင်ဖြစ်ပွားခဲ့သော အစ္စရေး-ဟားမတ်စ် စစ်ပွဲကာလအတွင်း ဂါဇာဒေသ၌ ကလေးငယ် ၁၅၀၀၀ ကျော် အပါအဝင် သေဆုံးသူ ၃၇၀၀၀ ကျော်၊ ဒဏ်ရာရရှိသူ ၈၀၀၀၀ ကျော်နှင့်ပျောက်ဆုံးသူ ၁၀၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း၊ သေဆုံးသူများအနက် ၇၀ ရာခိုင်နှုန်းသည် အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ကြောင်း ဒေသတွင်းသတင်းမီဒီယာများက ထုတ်ပြန်ထားရှိသည်။

အစ္စရေးနိုင်ငံသည် ဂါဇာဒေသကို ထိုးစစ်ဆင်နွှဲလျက်ရှိသော်လည်း ဒေသအတွင်း၌ အီရန်ကျောထောက်နောက်ခံပေးထားသည့် ဟစ်ဇ်ဘိုလာအဖွဲ့၏ ဒရုန်းဖြင့် တိုက်ခိုက်လာမှုစစ်မျက်နှာသစ်ကိုလည်း ရင်ဆိုင်ရလျက်ရှိသည်။ အစ္စရေးနိုင်ငံအနေဖြင့် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များတပ်ဆင်ထားသော်လည်း ဟစ်ဇ်ဘိုလာအဖွဲ့၏အဆင့်မြင့်ဒရုန်းများနှင့်ဒုံးကျည်များအပြင် ဒေသတွင်းလက်နက်ကိုင်အဖွဲ့များ၏တိုက်ခိုက်မှုများကိုအပြည့်အဝ လက်တုံ့ပြန်တိုက်ခိုက်သွားနိုင်မလားဆိုသောအချက်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

**ကိုးကား**

- **Hezbollah threatening Israel with a two-front war By Asia Times.**
- **Israel faces new front in Iran’s done war By Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# အောင်မြတ်သာနှင့် မရဏခေါ်သံ ဇာတ်လမ်းကို Shwe Stream Application မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇွန် ၁၀**

အောင်မြတ်သာနှင့် မရဏခေါ်သံ ဇာတ်လမ်းကို ဇွန်လ တတိယပတ်အတွင်း Shwe Stream Application မှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် မရဏခေါ်သံဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန(ရာမည)၏ ဝတ္ထုကို ဖိုးကျော်(သန်လျင်)က ဇာတ်ညွှန်းခွဲထားပြီး ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာစီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိတ်ရင်ဖိုလျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတစ်ပုဒ်ပါ။ ဖျော်ဖြေရေးဖြစ်တဲ့အတွက် ဖျော်ဖြေရေးလိုပဲ နားလည်ခံစားစေလိုပါတယ်။ အောင်မြတ်သာရုပ်သံဇာတ်လမ်းတွေကတော့ မေ ၃၁ ရက်ကတည်းက Shwe Stream YouTube Channel နဲ့ Channel K ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်း ထုတ်လွှင့်နေပါတယ်။ ပရိသတ်အားပေးကြတဲ့အတွက် ဇာတ်လမ်းတွဲလိုကြည့်နိုင်အောင် ဆက်တိုက်ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဇွန်လတတိယပတ်ထဲမှာ Shwe Stream YouTube Channel ကနေ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာနှင့် မရဏခေါ်သံဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ နော်အဲလီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# စိမ့်စမ်းခ ဇာတ်လမ်းတွဲကို Mee Mee Mway Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဇွန် ၁၀**

စိမ့်စမ်းခ ဇာတ်လမ်းတွဲကို ဇွန်လအတွင်း Mee Mee Mway Entertainment Channel မှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြ၍ သိရသည်။

စိမ့်စမ်းခ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ပိုင်စိုးသူမောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ထွဋ်တင့်ထွန်းက မီးမီးမွှေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ Mee Mee Mway Entertainment ရဲ့ Exclusive Web Series ဖြစ်ပါတယ်။ Mee Mee Mway Entertainment က YouTube Channel မှာလဲ ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ မေတ္တာတွေနဲ့အတူ လိုချင်မှုအတ္တတွေကင်းပြီး ဒီလူ့လောကထဲမှာ ဖြစ်တည်လာသမျှ မေတ္တာတရားတိုင်းဟာ စိမ့်စမ်းရေပမာ အေးချမ်းပါတယ်ဆိုတဲ့ အကြောင်းကို ပုံဖော်ရိုက်ကူးထားတာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြသည်။





စိမ့်စမ်းခ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရဲရင့်မောင်မောင်၊ နေရှိုင်း၊ ပိုင်စိုးသူ၊ ဘုန်းလျှံ၊ ရဲမွန်၊ သွန်းသက်ထူးစံ၊ သက်တန့်ဝိုင်တို့အပြင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် မြတ်ကေသီအောင်၊ စိုးမိုးကြည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Three Bags Full:A Sheep Detective Movie ဇာတ်ကားတွင် ဟက်ဂျက်မင်း ပါဝင်မည်

**နယူးယောက် ဇွန် ၁၀**

Amazon MGM ရုပ်ရှင်စတူဒီယို၏ Three Bags Full: A Sheep Detective Movie အမည်ရှိ မှုခင်းအက်ရှင်ဟာသဇာတ်ကားတွင် မင်းသား ဟက်ဂျက်မင်းက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။



Three Bags Full: A Sheep Detective Movie ဇာတ်ကားတွင် မင်းသား ဟက်ဂျက်မင်းနှင့်အတူ မင်းသမီး အမ်မာသွမ်ပဆင်နှင့် မင်းသား နီကိုလပ်ဘရန်းတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာ လီယိုနီဆွင်၏ Three Bags Full: A Sheep Detection Movie အမည်ရှိ ဝတ္ထုကိုအခြေခံရိုက်ကူးမည်ဖြစ်သည်။

Three Bags Full: A Sheep Detective Movie ဇာတ်ကားကို ဒါရိုက်တာ ကီလီဘယ်ဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Three Bags Full: A Sheep Detective Movie ဇာတ်ကားသည် ဂျော့ဟာဒီအမည်ရှိ သိုးကျောင်းသားသေဆုံးမှုကို သိုးများက ပြန်လည်ဖော်ထုတ်ပေးပုံကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# Freaky Friday-2 ဇာတ်ကား၌ မင်းသမီး ဂျူလီယာဘတ္တာ ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၁၀**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Freaky Friday-2 ဇာတ်ကားသစ်တွင် The Fablemans မင်းသမီး ဂျူလီယာဘတ္တာ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဂျူလီယာဘတ္တာသည် Freaky Friday-2 ဇာတ်ကား၌ ပါဝင်ရေးအတွက် ဒစ္စနီးကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အကယ်၍ သဘောတူညီချက်ရရှိခဲ့ပါက ဂျူလီယာဘတ္တာသည် မင်းသမီး လင်ဆေးလိုဟန်၊ ဂျေမီလီကားတစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


မင်းသမီး လင်ဆေးလိုဟန်နှင့် ဂျေမီလီကားတစ်တို့သည် မူလ Freaky Friday (2003) ဇာတ်ကားတွင်ပါဝင်ခဲ့သော သရုပ်ဆောင်များဖြစ်သည်။

Freaky Friday-2 ဇာတ်ကားကို ဒါရိုက်တာ နီရှားဂါနာထရာက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် Freaky Friday-2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဒစ္စနီးကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**





# Huntington ဇာတ်ကားသစ်တွင် ဂျက်ဆီကာဟန်းဝစ် သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၁၀**

လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တစ်ကားဖြစ်သည့် Huntington ဇာတ်ကား၌ Glass Onion မင်းသမီးဂျက်ဆီကာဟန်းဝစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၉ ရက်သတင်းများအရ သိရသည်။

Huntington ဇာတ်ကားတွင် မင်းသမီး ဂျက်ဆီကာဟန်းဝစ်သည် မင်းသား ဂလန်းပိုဝဲနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကား၌ မင်းသား ဂလန်းပိုဝဲသည် လိုချင်တာရရန် ဘာမဆိုလုပ်တတ်သော သန်းကြွယ်သူဌေး ဘက်ကတ်ရက်ဖဲလိုးအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Huntington ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ပက်တန်ဖို့က ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Huntington ဇာတ်ကားသည် ဒါရိုက်တာဂျွန်ပက်တန်ဖို့၏ ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Huntington ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Strive to produce good medical officers, nurses, paramedics and pharmacists with physical and intellectual prowess, reliable for country, Tatmadaw and people





Senior General Min Aung Hlaing meets the commandant, senior instructor officers, senior lecturers, faculty members, assigned officers, students of master's degree courses, cadets, and trainees of Defence Services Medical Academy.

**Nay Pyi Taw June 10**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing held separate meetings with the commandants, senior instructor officers, senior lecturers, faculty members, assigned officers, students of master's degree courses, cadets, and trainees of Defence Services Medical Academy and Military Institute of Nursing and Paramedical Sciences at the convocation halls of the respective universities this afternoon.

Present at the meetings together with the Senior General were Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, Commander-in-Chief (Air) General Tun Aung, union level officials, senior military officers from Office of Commander-in-Chief, and the Yangon Command commander.



Senior General Min Aung Hlaing chats with trainees at lunch.



Senior General Min Aung Hlaing chats with trainees at lunch.

**Production of good medical officers, nurses, paramedics and pharmacists**

In his address, the Senior General said DSMA was set up with the aim: **to produce medical scientists with physical and intellectual prowess.** It is turning cadets into junior medical officers and then develops them into senior medical officers through different stages. Basically, cadets must be trained to become the ones imbued with physical and intellectual prowess.

Cadets must have the necessary body measurements, fitness and strength. Cadets need nutritious food to have enough endurance and energy for their physical training, and constant studies. They must take food in accord with the set nutritious level.

As the DSMA was set up to fulfill the needs of the country and Tatmadaw, cadets must try to be good medical officers skilled in every subject. In addition to medical subjects, DSMNA is also providing cadets with military science. So, cadets must systematically undergo training sessions to be skilled in military science and fit and strong. Only if they study their academic subjects and military science through correct means, will they be able to serve their duties well. They must nurture the habit of observing the rules as discipline is the backbone of Tatmadaw. They must follow the dos and don's with awareness.



Senior General Min Aung Hlaing has lunch with trainees.

MINPS was set up with the aim: **production of nurses, paramedics and pharmacists with physical and intellectual power for the Tatmadaw that will safeguard Our Three Main National Causes.** The role of nurses is important in the Tatmadaw. Tatmadaw's duty is to defend the country. But the country is still on a mission to achieve perpetual peace and end internal armed strife that broke out soon after the country regained independence. The role of the medical corps is vital in providing physical and mental treatment for the persons who suffer wounds while serving national defence duty and the persons with ill health.

Doctors provide medical treatment and nurses, medical care. Everyone loves kindness and

*See Page 13*



**Senior General Min Aung Hlaing meets the commandant, senior instructor officers, senior lecturers, faculty members, assigned officers, students of master's degree courses, cadets, and trainees of the Military Institute of Nursing and Paramedical Sciences.**

*From Page 12*

people with ill health want medical treatment that comes together with kindness. Trainees of MINPS already have the habit of showing kindness towards others. Based on this habit they must strengthen their spirit of kindness with their knowledge. A nurse must take care of their patients with kindness to ensure a quick recovery. They will become good nurses if they reinforce their habit of kinds with the medical knowledge.

**Teaching sector must generate skilled persons**

The teaching sector must conduct academic science and military science classes in all seriousness as a proper ratio between instructors and trainees was reached through careful calculations. Instructors must concentrate more on generating qualified soldiers, rather than quality. In practicing stage-by-stage supervisory procedure through the guardianship system, instructors must conduct close individual training to improve the morale, discipline and knowledge of the trainees and solve their problems to the most possible degree through parental and brethren spirit. As only the professionals are appointed as instructors and faculty members, they must disseminate knowledge based on their experience throughout the life and subject-wise proficiency to bring about good medical officers. They must work earnestly to generate good medical officers who are fit and qualified. Basically, alumni of DSMA are able to provide healthcare, but they must continue their studies till they become outstanding in specific fields.

As the Defence Services Medical Academy is one of the standard medical universities in the world, trainees are required to be proud of their alma mater. Previously, only male trainees are admitted to the academy but female trainees are also allowed to undergo training at the academy at present. As medical science is an important discipline, cadets are urged to study it systematically. Moreover, trainees who are studying for their master's degrees are required to take their respective advanced medical science branches seriously. As the government and the Tatmadaw have nurtured the trainees by investing time and large sums of money, trainees are required to exert efforts.

**Consistent efforts must be made for development of lives by exercising self-restraints**

It is necessary for trainees to continue to exert efforts to study academic disciplines by preserving the sound foundations of getting high marks in basic education high schools and goals of life journey in the future without deviation. The fine habit of reading books that will contribute to the progress of life must be cultivated. Books must be read to enrich knowledge in various fields including literary, academic and political ones.

The fine habit of exercising self-restraints must be cultivated. Drinking and seeking pleasure that will not contribute to progress of life must be avoided out of conscientiousness. Consistent efforts must be made to become good medical officers, nurses, pharmacists, medical technicians whom the country, the Tatmadaw and the people can rely upon. As there are various advanced branches of medical science, instructor officers, post-graduate trainees, cadets, medical trainees are urged to exert efforts consistently to study new fields in medical science that emerge from time to time. Then, the Senior General sought information about and attended to the needs.

Then, the Senior General and party enjoyed the luncheon together with cadets from the DSMA. During the visits to the DSMA and the Defence Services Institute of Nursing and Paramedical Science by the Senior General and party, the acting commandant of the DSMA and the commandant of the DSINPS reported to the Senior General on implementation of training programs at the respective hall of their headquarters.

After hearing the reports, the Senior General said the commandants of admin officers are mainly responsible for accomplishment missions of the DSMA and the DSINPS. It is necessary for all to perform duties in respective sectors and admin officers are required to take disciplinary measures while those who are responsible for academic matters are required to nurture good medical officers and it is necessary for those who are responsible for training to cultivate physically and mentally fit officers. Similarly, officers who are studying for master's courses are required to keep abreast of their counterparts in other countries in terms of academic disciplines. Therefore, measures for trainees who are studying for their master's degrees must be taken so that they can meet their qualifications and exert efforts while sufficient teaching aids are provided.

This morning, the Senior General and party visited the Defence Services Orthopaedic Hospital and inspected treatments for and recovery of officers and other ranks who were injured while performing national defence and security duties. The Senior General also asked about their health one by one warmly and spoke words of encouragement while attending to their needs.

Then, the Senior General and party inspected the hospital and gave necessary instructions on reports of officers.

Afterward, the Senior General heard reports on healthcare services and operations of the hospital presented by the commandant of the hospital at the meeting hall of the hospital. After hearing the reports, the Senior General discussed measures for the cleanliness and pleasantness of the hospital and its upgrading tasks.

100



**Senior General Min Aung Hlaing comforts a patient at Defence Services Orthopedic Hospital.**


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivers speech at meeting on peace and stability and development of Yangon Region



Senior General Min Aung Hlaing addresses the meeting on peace and stability and development of Yangon Region.

**Nay Pyi Taw June 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the meeting on peace and stability and development of Yangon Region at the meeting hall of Konmyintha in Yangon Region this afternoon.

Also present at the ceremony were Council members Admiral Tin Aung San and Lt-Gen Nyo Saw, Union ministers, the Yangon Region Chief Minister, high-ranking military officers from the Office of the Commander-in-Chief, the commander of Yangon command, Yangon Mayor, ministers of the regional government, senior military officers and departmental officials.

First, the Senior General delivered a speech, saying that the unrests occurred in Yangon Region in the early time when the State Administration Council served the State responsibilities. And then, the unrests changed to armed violence and destructions. Hence, some townships were under control of the martial law. At present, terror acts happen in some areas of the nation, but people can freely go anywhere in Yangon Region. As terrorists attempt to commit terror acts taking a chance in unguarded moment of security forces, individuals have always to monitor movements of terrorists with security awareness and knowledge for ensuring peace and stability. Senior General Min Aung Hlaing stressed the need to wipe out terrorists in Yangon Region. the military command and regional government to coordinate measures to be taken for peace and stability and development in Yangon Region.

The Senior General continued that it is necessary to continue forging peace and stability in Yangon Region. The Senior General stressed the need to sustain security and stability at a time when democratic route is being initiated. Weak education and economic sectors have been harming rule of law in the country in successive eras. A half of population is weak in security knowledge. So, crimes happen. Those who lack knowledge to analyze good and bad things can commit crimes possibly, so it is necessary to raise knowledge and critical thinking of the people through release of true information in various ways and means. Officials need to supervise all measures of security in districts, townships, wards and villages in Yangon Region.

Commander of Yangon Region Maj-Gen Zaw Hein reported on efforts to take peace, stability and security measures in the region, welfare for security forces and beautification in wards and villages of military stations.

Yangon Region Chief Minister U Soe Thein presented development undertakings in Yangon Region, endeavours for betterment of road transport, beautifying Yangon City, and operation of agriculture and livestock zones.

Council Joint-Secretary Lt-Gen Ye Win Oo explained necessary to take care of peace and stability as well as security measures in the region, systematic functions of checkpoints, requirement of stabilizing prices of gold and foreign currencies, systematic eradication of narcotic drugs, and preventive activities against those who undermine peace and stability.

In conclusion, the Senior General said that stipulations must be done for the people in region through media. It is necessary to systematically manage traffic rules. Allocated lands must be utilized for agriculture and livestock farms in order to contribute to food supply for the people. Supervision must be done for proper flow of water and beautification tasks in relevant townships of Yangon city. The Senior General stressed the need to grow trees in all residences in townships and districts where the Development Department need to cut off dangerous branches of trees. It is necessary to urge people to grow trees in vacant lands for greening the environs and people and authorities need to join hands with each other to ensure peace and stability in Yangon Region. 100

# Shwebo District farmers cultivate 3,182 acres of rain-fed white jute

**Shwebo June 10**

A total of 3,182 acres of white jute have been planted in Shwebo District, Sagaing Region this year rain-fed crop planting season, according to the Department of Agriculture for Shwebo District.

During the 2024-2025 rain crop planting season, 3,612 acres of white jute were earmarked to be planted in Shwebo District and since May of this year, 98 acres of white jute in Shwebo Township, 794 acres in KhinU Township, 1,250 acres in Wetlet Township, and 1,040 acres in Kyaukmyaung subtownship have been planted, totaling 3,182 acres of white jute.

“White jute can be withstood by drought. It can grow in any type of soil. It is also a tropical plant. It can grow in areas where rainfall is low," said Daw Zar Zar Min, assistant director of the Department of Agriculture for Shwebo District.

In addition, the Department of Agriculture will coordinate with the Union of Myanmar Federation of Chambers of Commerce and Industry to increase the yield and the market of white jute. 206

# Kalay Township farmers cultivate127,157 acres of rain-fed rice

**Kalay June 10**

A total of 127,157 acres of rain-fed rice will be planted in Kalay Township, Kalay District, Sagaing Region this year rain crop planting season, according to statistics from the Department of Agriculture for Kalay Township.

During the 2024-2025 rain crop planting season, 127,157 acres of rain-fed rice crops were earmarked to be planted in Kalay Township and will be planted from mid-June this year.

"We will carry out the field work so that the farmers can plant rain-fed rice on time," said U Naing Tun Win, head of the Department of Agriculture for Kalay Township.

During the 2023-2024 rain crop planting season, 128,558 acres of rice were earmarked to be planted in Kalay Township, and 126,448 acres were planted from June to September 2023.

This year, the Department of Agriculture for the township has provided education for farmers to grow good and pure seeds, techniques to use natural fertilizers, to plant rain crops on time, and to provide technology for planting commercial varieties. 206

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing visits Tatmadaw Textile and Garment Factory (Thamaing)



Senior General Min Aung Hlaing goes round in the Tatmadaw Textile and Garment Factory (Thamaing).

**Nay Pyi Taw June 10**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by his entourage members, the Yangon Command Commander and members, visited the Tatmadaw Textile and Garment Factory (Thamaing) located in Hlaing Township, Yangon Region, Ward (12), this morning to inspect it.

First, the Senior General was briefed by Quartermaster General Lt-Gen Kyaw Swar Lin in the factory's conference hall about the current status of the Tatmadaw's cotton cultivation activities, the implementation of the directives given during previous inspections by the Senior General, and the progress of the cultivation plans according to the season. Factory Manager U Khaing Shwe also provided an update on the implementation of the directives given by the Senior General, an overview of the factory's history, current operational status, staff assignments, and measures being taken for the well-being of the employees.

Regarding the briefings, the Senior General emphasized the importance of conducting soil quality tests and research activities to ensure the success and productivity of cotton cultivation. He stated that proper land preparation should be done according to soil types, necessary nutrients should be fully provided, and adequate irrigation should be ensured. He also mentioned the need to study and achieve expected yield rates based on soil types. The Tatmadaw should strive to set a good example in cotton cultivation and aim to produce A-grade cotton. Instead of cultivating multiple varieties, the focus should be on cultivating a single variety to produce high-quality cotton. Since good quality garments and textiles depend on high-quality cotton, it is essential to produce high-quality cotton. The Tatmadaw Textile and Garment Factory (Thamaing) is responsible for producing necessary garments and textile items for the Tatmadaw. To reduce the dependency on imported textiles, the domestic textile and garment factories need to produce sufficient quantities. Basic clothing items like t-shirts and undershirts, which are used daily, should be produced locally in sufficient quantities and sold at affordable prices.

He emphasized the need to produce and sell garments in various colours and popular designs that are appealing in the market. Additionally, items needed for the hotel industry and personal use should be produced with high quality to meet market demand. Research activities should be carried out to ensure the success and development of these operations. Since textile and garment factories are highly beneficial to the country, they must produce enough to meet national needs, allowing citizens to use garments at affordable prices. Proper planning and consideration should be given to ensure this. He then viewed the textile products displayed in the factory.

Afterwards, the Senior General, along with his entourage, inspected the production stages of textiles and garments within the factory. They reviewed the current conditions and addressed necessary adjustments based on the presentations from the factory manager and responsible personnel. Cash rewards were also distributed to the factory staff.

The Tatmadaw Textile and Garment Factory (Thamaing) is known for producing high-quality items such as brown textile, tetron brown fabrics, brown undershirts, brown scarves, yellow robes, various coloured tetron fabrics, colored undershirts, colored scarves, various types of t-shirts, sports shirts, nylon mosquito nets, medicinal gauze, and colored bed sheets. These products are made to meet the needs of the military and domestic market demands at affordable prices.

100



Senior General Min Aung Hlaing views production process.



Senior General Min Aung Hlaing views garments and textile products.

# Center-right EPP leads 2024 European elections: EP estimates

**Brussels June 10**

The center-right European People's Party (EPP) is leading the 2024 European Parliament (EP) elections, projected to secure 191 seats, according to the EP's aggregated results estimates on Sunday.

The center-left Progressive Alliance of Socialists and Democrats (S&D) follows with 135 seats, while Renew Europe (RE) is projected to be the third-largest group with 83 seats.

The results indicate a shift in the political landscape, with centrist parties losing seats and far-right groups making significant gains. Though still the third-largest group in the parliament, RE saw a substantial loss of 22 seats compared to the last election in 2019, while the Greens/European Free Alliance lost 19 seats.

On the far-right, the Identity and Democracy (ID) group gained 9 seats, reaching a total of 57, and the European Conservatives and Reformists secured 71 seats.

The projections are based on provisional results from 24 European Union (EU) member states, national estimates from two other nations, and pre-electoral data from one.

The pro-European political group RE, which includes French President Emmanuel Macron's Renaissance party, took a heavy hit. In France, the Renaissance party garnered 15.2 percent of the votes, much behind the far-right National Rally, which received 31.8 percent.

Xinhua

# ရန်ကုန်တိုင်းဒေသကြီးတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးညိုစောပြည်ထောင်စုဝန်ကြီး များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေ ဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရ သည့် အစောပိုင်းကာလများ၌ ရန်ကုန် တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိုမှတစ်ဆင့် လက်နက်ကိုင် အကြမ်းဖက်ဖျက်ဆီးမှုများအထိ ဖြစ်ပေါ် လာခဲ့သဖြင့် အချို့သော မြို့နယ်များကို စစ်အုပ်ချုပ်ရေးကြေညာ၍ ထိန်းထိန်း သိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့ သောဒေသများ၌ အကြမ်းဖက်မှုများဖြစ် ပေါ်နေဆဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မည်သည့်နေရာ၌မဆိုလွတ်လပ် စွာဖြင့် သွားလာ၍ ရသည်ကို တွေ့မြင်ရ မည်ဖြစ်ကြောင်း၊ သို့သော်လည်း **အကြမ်း ဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ ဝင်များ၏ အလစ်အငိုက်ကိုရယူ၍ အကြမ်း ဖက်လုပ်ရပ်များကို လုပ်ဆောင်ရန်ကြံစည် ဆောင်ရွက်လျက်ရှိသဖြင့် တည်ငြိမ်အေး ချမ်းရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံ ရေးသတိဖြင့် အမြဲမပြတ်စောင့်ကြည့်နေ ရမည်ဖြစ်**ကြောင်း၊ ရန်ကုန်တိုင်းဒေသ ကြီးအတွင်း အကြမ်းဖက်သမားများ၏ အငွေ့အသက်များကင်းစင်အောင် မိမိတို့ အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ **တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက် ရေးကို တိုင်းစစ်ဌာနချုပ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ် အေးချမ်းရေးနှင့်ပတ်သက်၍ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီမို ကရေစီလမ်းကြောင်းပေါ်တွင် လျှောက် လှမ်းနေချိန်တွင် လုံခြုံမှုနှင့် တည်ငြိမ်မှု ရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ် အဆက်ဆက် ပညာရေးနှင့် စီးပွားရေး ဆိုင်ရာ အားနည်းချက်များရှိခဲ့ကြောင်း၊ အဆိုပါအားနည်းချက်များကြောင့် တရား ဥပဒေစိုးမိုးမှုကို ထိခိုက်ခဲ့ရကြောင်း၊မိမိတို့ နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် လုံခြုံ ရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိ နေဆဲဖြစ်ကြောင်း၊ ရာဇဝတ်မှုများဖြစ်ပေါ် နေဆဲဖြစ်ကြောင်း၊ အသိပညာဗဟုသုတ အားနည်းသူများအနေဖြင့် ကောင်းမှုနှင့် မကောင်းမှုကို ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အားနည်းပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်နိုင်ခြေမြင့်မားသဖြင့် အသိပညာ နှင့် ဆင်ခြင်တုံတရားများရရှိရေးအတွက် တိုက်တွန်းနှိုးဆော်ချက်များ ဆောင်ရွက် ခြင်း၊ လှုံ့ဆော်ပညာပေးမှုဆောင်ရွက် ခြင်း၊ သတင်းများထုတ်ပြန်ပေးခြင်းအပါ အဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်း ဒေသကြီးအတွင်း ခရိုင်အလိုက်၊ မြို့နယ် အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက ရန်ကုန် တိုင်းဒေသကြီးအတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင် များအတွက် သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာ များတွင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်း လင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်း ဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက် လျက်ရှိမှု၊ ရန်ကုန်မြို့သန့်ရှင်းသာယာ လှပရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးဇုန်များ၌ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဌင်းနောက် ကောင်စီတွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်း ရေး၊လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ ဂရုပြုဆောင်ရွက်ရန်လိုအပ်မှု၊ စစ်ဆေး ရေးဂိတ်များ စနစ်တကျဖြစ်ရန်လိုအပ်မှု၊ ရွှေဈေးနှင့် နိုင်ငံခြားငွေဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရန်လိုအပ်မှု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စနစ် တကျဆောင်ရွက်ရန်လိုအပ်မှု၊ တည်ငြိမ် အေးချမ်းမှုပျက်ပြားအောင် လှုံ့ဆော်သူ များမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ **စာမျက်နှာ ၂၁ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



ကောင်စီ
တွဲဖက်အတွင်းရေးမှူး
ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက
ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၌ ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ဘောအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ဘောအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သောလက်ရုံးရည်နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိများ မွေးထုတ်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသားဗိုလ်လောင်းများမှ ဆေးဘက်ပညာဆိုင်ရာ အရာရှိငယ်များကို မွေးထုတ်ပေးခြင်းရှိသကဲ့သို့ ၎င်းအရာရှိများမှတစ်ဆင့် တပ်မတော်ဆေးဘက်ဆိုင်ရာ အရာရှိကြီးများကို အဆင့်ဆင့် မွေးထုတ်ပေးလျက်ရှိကြောင်း၊ အခြေခံအားဖြင့် သင်တန်းသားဗိုလ်လောင်းဘဝကတည်းက လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဗိုလ်လောင်းများဖြစ်အောင် လေ့ကျင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် ရှိသင့်ရှိထိုက်သည့် ကိုယ်ခန္ဓာအချိုးအစား၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ကြံ့ခိုင်သန်စွမ်းမှုများ ရှိရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် နေ့စဉ်လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ စာပေပညာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရသည်ဖြစ်သဖြင့် အာဟာရပြည့်ပြည့်ဝဝစားသုံးမှသာ ကိုယ်ခံစွမ်းအားကောင်းမွန်စွာဖြင့် လိုက်ပါလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအတွက် စနစ်တကျတွက်ချက်ပြီး ကျွေးမွေးလျက်ရှိသည့် ရိက္ခာများကို ပြည့်ဝစွာစားသောက်ကြရန်လိုကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်အတွက် လိုအပ်ချက်ရှိသည့်အတွက် တပ်မတော်ဆေးတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးဘက်ဆိုင်ရာ ပညာရပ်များသာမက စစ်ပညာကိုလည်း သင်ကြားပေးလျက်ရှိသဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုမှစ၍ စစ်အတတ်ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်စေရေး သင်ကြားပေးသည့်မှန်သမျှကို စနစ်တကျလေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်သဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်သည့် လူနေမှုပုံစံဖြစ်ရန်လိုကြောင်း၊ တိုက်တွန်းချက်၊ တားမြစ်ချက်များကို အသိ၊ သတိနှင့် ယှဉ်၍လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကို **"ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်တွင် သူနာပြုများ၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများ ပပျောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ယခုထိတိုင် ကြိုးပမ်းဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ **နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကျန်းမာရေးကောင်းမွန်မှုမရှိသူများကို ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာအရ ကုသမှုများဆောင်ရွက်ရာတွင် ဆေးတပ်ဖွဲ့၏ အခန်းကဏ္ဍသည် အရေးကြီး**ကြောင်း။ **စာမျက်နှာ ၂၀ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးက လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

စာမျက်နှာ ၁၉ မှအဆက်

ဆရာဝန်များအနေဖြင့် ကုသမှုများကိုဆောင်ရွက်ကြရပြီး သူနာပြုများအနေဖြင့် ပြုစုကုသမှုများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ လူတိုင်းသည် ကြင်နာမှုကို လိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့ကို ကြင်နာစွာဖြင့် ဆေးဝါးကုသမှုဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားကြကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာနွေးထွေးသည့် အသိစိတ်ရှိပြီးဖြစ်ကြောင်း၊ ထိုစိတ်အခြေခံအပေါ် အတတ်ပညာများဖြင့် ပေါင်းစပ်လိုက်သည့်အခါ၌ ကြင်နာမှုသည် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **သူနာပြုတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် လူနာများအပေါ် ကောင်းသည်ထက်ကောင်းအောင်ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလို**ကြောင်း၊ **အခြေခံအားဖြင့် ရှိပြီးသားဖြစ်သည့် ကြင်နာတတ်သည့်အသိစိတ်နှင့် သင်ကြားပေးလိုက်သည့် ဆေးအတတ်ပညာများကို ပေါင်းစပ်အသုံးချဆောင်ရွက်သွားမည်ဆိုပါက သူနာပြုကောင်းများဖြစ်လာမည်ဖြစ်**ကြောင်း။

### သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်

သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ နည်းပြနှင့် သင်တန်းသားအချိုးကို စနစ်တကျတွက်ချက်၍ ဖွင့်လှစ်သင်ကြားပေးထားခြင်းဖြစ်သဖြင့် စာပေပညာနှင့် စစ်ပညာသင်ကြားမှုများကို ဖိဖိစီးစီးဆောင်ရွက်ကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူနည်းပြများအနေဖြင့် **သင်တန်းသားများကို လေ့ကျင့်ပေးရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝသည့် သင်တန်းသားများဖြစ်လာစေရေးနှင့် စစ်သားကောင်းဖြစ်အောင် လေ့ကျင့်ပေးရန်လို**ကြောင်း၊ Guardian စနစ်ဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာများ ကောင်းမွန်စေရေး အနီးကပ်တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲလေ့ကျင့်သင်ကြား ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ၎င်းတို့၏အခက်အခဲများအပေါ် မိဘသဖွယ်၊ ညီရင်းအစ်ကိုသဖွယ် သဘောထား၍ တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် နည်းပြများ၊ ဆရာ၊ ဆရာမများကို ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် **မိမိတို့ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုပြီး ဆေးဘက်ပညာဆိုင်ရာ အရာရှိကောင်းများကို မွေးထုတ်ပေးရန်လို**ကြောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ကောင်းမွန်ပြီး အရည်အသွေးရှိသည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ မွေးထုတ်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဆေးဘက်ဆိုင်ရာ အရာရှိများအနေဖြင့် အခြေခံအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်သူများဖြစ်ပြီး မိမိတို့သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

တပ်မတော် ဆေးတက္ကသိုလ်အနေဖြင့် ကမ္ဘာ့နိုင်ငံများရှိ ဆေးတက္ကသိုလ်များအနက် အဆင့်တစ်ခုတွင်ရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သဖြင့် မိမိတို့တက်ရောက်နေရသည့်တက္ကသိုလ်အတွက် ဂုဏ်ယူကြရန်လိုကြောင်း၊ ယခင်က သင်တန်းသားများကိုသာ ခေါ်ယူလေ့ကျင့်ပေးလျက်ရှိသော်လည်း လက်ရှိအချိန်တွင် အမျိုးသမီးသင်တန်းသူများကိုလည်း ခေါ်ယူလေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ဆေးပညာရပ်သည် အရေးကြီးသည့်ဘာသာရပ်ဖြစ်သဖြင့် စနစ်တကျသင်ယူလေ့လာကြရန်မှာကြားလိုကြောင်း၊ ထို့ပြင် အဆင့်မြင့်ဆေးပညာရပ်များကို သင်ယူလျက်ရှိသည့် မဟာဘွဲ့လွန် သင်တန်းသားများအနေဖြင့်လည်း မိမိတို့သင်ယူနေရသည့် ဘာသာရပ်အလိုက် အလေးထားသင်ယူလေ့လာသွားကြရန်လိုကြောင်း၊ **နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လို**ကြောင်း။

### မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်၍ ဘဝတိုးတက်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်

အခြေခံပညာ အထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့်အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်း၍ ကြိုးစားသင်ယူသွားရန်လိုအပ်သကဲ့သို့ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းကို မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ စာပေဗဟုသုတ၊ ပညာရပ်ဆိုင်ရာဗဟုသုတ၊ နိုင်ငံရေးဆိုင်ရာဗဟုသုတ စသည်ဖြင့် နယ်ပယ်အလိုက် အသိပညာဗဟုသုတကြွယ်ဝစေရေး စာပေဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း။

မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း မွေးမြူကြရန်လိုကြောင်း၊ ဘဝတိုးတက်လမ်းကို အထောက်အကူမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

အသိသတိဖြင့်ရှောင်ကြဉ်ကြရန်လိုကြောင်း၊ **နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များဖြစ်လာစေရေး စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်သွားကြရန်လို**ကြောင်း၊ ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့် ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် နည်းပြအရာရှိများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် သင်တန်းသားဗိုလ်လောင်းများ၊ ဆေးဘက်ဆိုင်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် **ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

**မိမိတို့ ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကိုအသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုပြီး ဆေးဘက်ပညာဆိုင်ရာ အရာရှိကောင်းများကို မွေးထုတ်ပေးရန်လို. . .**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့သို့ ရောက်ရှိနေစဉ်အတွင်း တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့က ကျောင်းဌာနချုပ်ခန်းမအသီးသီး၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆေးရုံတပ်မှူးက ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများတွင် အဓိကတာဝန်ရှိကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက စည်းကမ်းစနစ်တကျရှိစေရေး၊ စာပေဆိုင်ရာ တာဝန်ရှိသူက ထူးချွန်ထက်မြက်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများပေါ်ထွက်လာရေး၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းသည့် အရာရှိကောင်းများဖြစ်ပေါ်လာရေး စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်ပေးကြရန်လိုကြောင်း၊ အလားတူ မဟာဘွဲ့လွန်သင်တန်း တက်ရောက်သူအရာရှိများအနေဖြင့် အခြားနိုင်ငံများနှင့် ပညာရပ်ပိုင်းဆိုင်ရာများတွင် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဘွဲ့လွန်သင်တန်းသားများ ပညာရည်ပြည့်ဝစေရေး၊ ကြိုးစားအားထုတ်မှု ကောင်းမွန်စေရေး ကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ပြည့်ဝစေရေးအတွက်လည်း ဖြည့်ဆည်းပေးရန်လိုကြောင်းဖြင့် မှာကြားသည်။



ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်မြို့ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံ၌တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဆေးရုံတပ်မှူးက အစည်းအဝေးခန်းမတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံသန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်နှင့် ဆေးရုံအဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း တိုက်တွန်းချက်၊ နှိုးဆော်ချက်များကို ပြည်သူများသိရှိစေရေး သတင်းမီဒီယာများမှတစ်ဆင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ၏ စားရေးကို အထောက်အကူပြုစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုပေးထားသည့်မြေများကို စနစ်တကျ အသုံးပြုရန်လိုကြောင်း၊ ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ခြံဝင်းရှိသည့် အိမ်များအားလုံးတွင် သစ်ပင်များစိုက်ပျိုးစေရေးနှင့် အန္တရာယ်ရှိသည့် သစ်ပင်သစ်ကိုင်းများကိုလည်း စည်ပင်သာယာဦးစီးဌာနက စနစ်တကျခုတ်ထွင်ပေးခြင်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ သစ်ပင်မရှိသည့် နေရာများတွင် သစ်ပင်များစိုက်ပျိုးစေရေး သစ်ပင်များစိမ်းလန်းစိုပြည်နေစေရေးအတွက် ပြည်သူလူထုက သိရှိရန်နှင့် ပြည်သူလူထုက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများပြုလုပ်




အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၀**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အသီးသီးရှိ အားကစားကွင်းများ၌ ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းစီဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၊ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၊ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ဇွန် ၁၂ ရက်မှ ၁၄ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့.**

# ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ငူ လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကြည်သိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(ဥဝ၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Power Mandalay Mobile Second"Facebook Page အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာတောင်ရပ်ကွက်နေ ပြည့်ဖြိုးဇော် အား နံနက် ၈ နာရီ မိနစ် ၄၀ တွင် မဟာအောင်မြေမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

(ဥဝ၁)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ၁၂-၆-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့အဝင်ရှိ အိမ်ရှေ့ပြင်စာသင်ကျောင်းကို PDF စစ်သွေးကြွတွေ ဗုံးဖောက်ခွဲမှုကြောင့် ကလေးငယ် ၃ ဦးသေဆုံးကာ ၂၀ကျော်ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန
၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်
- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။

# ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၆)လမ်းရှိ မစုမွန်ကျော် ငှားရမ်းနေထိုင်သည့်နေအိမ်တိုက်ခန်းကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(ဥဝ၁)



# ကလေးမြို့ ရေကူးကန်တွင် လူငယ်များကိုဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများလုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မင်းကြီးဟိုတယ်ရေကူးကန်တွင် ရေကူးနေသည့် လူငယ် ၂၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၉ ရက်တွင် ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။


အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇွန် ၉ ရက်တွင် ကလေးမြို့ မင်းကြီးဟိုတယ်ရေကူးကန်တွင် လာရောက်ရေကူးသည့် လူငယ်များခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းပေးပို့ချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေးတာဝန်ရှိသူများက ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန်အတွက် သွားရောက်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းခြင်း၊ ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(ဥဝ၁)



# သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား ၁၀၇ မမ ရှော့တိုက်ဒုံးသီးများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများ၊ လမ်းတံတားများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG လက်အောက်ခံ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များသည် ဇွန် ၈ ရက်တွင် သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအခမ်းအနားကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး နေ့ညမပြတ်ဆောင်ရွက်ခဲ့ရာ ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၁)ရပ်ကွက် သဘောကျင်းဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ သစ်သားလိုင်းခန်းအဟောင်း၌ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **စိန်ကြီး(ခ)အောင်ထွေး ၂၆ နှစ်၊ ချိုကြီး(ခ)ဟိန်းထက်အောင် ၁၈ နှစ်၊ မင်းသူ ၃၀ နှစ်၊ မောင်ဟိန်း ၂၄ နှစ်၊ အောင်သူရထွန်း ၂၅ နှစ်၊ ပြည့်ဖြိုးဇော် ၁၈ နှစ်** နှင့် **ထက်အာကာလင်း ၂၆ နှစ်** တို့ ခုနစ်ဦးကို ၁၀၇ မမ ရှော့တိုက်ဒုံး နှစ်လုံး၊ ဖျူးစ်နှစ်ခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ဘက်ထရီအိုးနှစ်လုံး၊ ဝိုင်ယာကြိုးခွေလေးခွေ၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရှော့တိုက်ဒုံးပစ်ခတ်ရန် ပူးပေါင်းပါဝင်သူများဖြစ်သော **ချစ်ကေခိုင် ၃၈ နှစ်**ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၂) ရပ်ကွက် သဇင်လမ်း အမှတ်(၉၃)နေအိမ်၌လည်းကောင်း၊ **ဇာနည်အောင်(ခ)ကိုဇာ ၃၂ နှစ်**ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၂) ရပ်ကွက် ဗန္ဓုလလမ်း အမှတ်(၁၁၁)နေအိမ်၌ ၁၀၇ မမ ရှော့တိုက်ဒုံးတစ်လုံး၊ ဖျူးစ်တစ်ခုတို့ဖြင့်လည်းကောင်း အသီးသီးထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်တွင် တရားခံကျားရှစ်ဦး၊မတစ်ဦး ပေါင်းကိုးဦးတို့နှင့်အတူ ၁၀၇ မမရှော့တိုက်ဒုံးသုံးလုံး၊ ဖျူးစ်သုံးခု၊ လက်ပစ်ဗုံးနှစ်လုံး၊ ဘက်ထရီအိုးနှစ်လုံး၊ ဝိုင်ယာကြိုးခွေလေးခွေနှင့် အခြားဆက်စပ်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။




ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ Brigate Drone Force PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ **အာကာမင်း** က ၂၀၂၄ ခုနှစ် ဧပြီလတတိယပတ်တွင် Instagram မှတစ်ဆင့် ရှော့တိုက်ဒုံးချိန်ရွယ်နည်းနှင့် ပစ်ခတ်နည်းများကို သင်ကြားပေးခဲ့ကြောင်း၊ သန်လျင်တံတား အမှတ်(၃) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန်ရည်ရွယ်၍ လုပ်ကြံပစ်ခတ်ရန်အတွက် မေ ၁၉ ရက်တွင် ရန်ကုန် UG အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ **ဖြူနှင်းအေး(ခ)မီးအိမ်ရှင်** က **စိန်ကြီး(ခ)အောင်ထွေး**ကို ဆက်သွယ်၍ ၁၀၇ မမ ရှော့တိုက်ဒုံးသီးသုံးလုံးနှင့် လက်ပစ်ဗုံးနှစ်လုံးတို့ကိုချိတ်ဆက်ပို့ဆောင်ပေးခဲ့သဖြင့် စိန်ကြီး(ခ)အောင်ထွေး၊ ဇာနည်အောင်(ခ)ကိုဇာနှင့် ချစ်ကေခိုင်တို့သုံးဦးက ပုဇွန်တောင်မြို့နယ် Ocean Center အနီးရှိ ကားမှတ်တိုင်တွင် ရန်ကုန် UG အဖွဲ့ဝင်(စိစစ်ဆဲ) ကျားနှစ်ဦးထံမှ သွားရောက်ယူဆောင်ခဲ့ပြီး သို့ဝှက်သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ စိန်ကြီး(ခ)အောင်ထွေး၊ ချိုကြီး(ခ)ဟိန်းထက်အောင်၊ မောင်ဟိန်း၊ ပြည့်ဖြိုးဇော်၊ ထက်အာကာလင်း၊ ဇာနည်အောင်(ခ)ကိုဇာနှင့် ချစ်ကေခိုင်တို့ခုနစ်ဦးသည် ဇွန် ၄ ရက်မှ ၈ ရက်ထိ သန်လျင်တံတား၏ အခြေအနေ၊ သန်လျင်တံတားအဆင်းတိုးဂိတ်အနီးနေရာနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြနန္ဒာအိမ်ရာအနီးတစ်ဝိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေတို့ကို ငါးကြိမ် သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် ၁၀၇ မမ ရှော့တိုက်ဒုံးပစ်ခတ်မည့်နေရာကို ဆိပ်ကမ်းသာလမ်းအောက်ဘက် "ဘုရင်ကြီး" သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်း၏အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ သဲကွင်းပြင်နေရာကို ရွေးချယ်သတ်မှတ်ခဲ့ပြီး ဇွန် ၈ ရက် တံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့်အချိန်တွင် ပစ်ခတ်ဖောက်ခွဲရန်စီစဉ်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**




ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအား ပစ်ခတ်မည့် ၁၀၇မမ ရှော့တိုက်ဒုံးနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ချင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ချင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလက ချင်းပိဿာချိန် ၄၅၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ချင်းပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ချင်းများတင်ပို့ရောင်းချအားတက်ခဲ့သည့်အတွက် ချင်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေလျက်ရှိသည်။

“ပြီးခဲ့တဲ့ မေလက ချင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချအားရှိခဲ့ပါတယ်။ တင်ပို့အားကောင်းလာတော့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ အခုလို ချင်းတင်ပို့အားကောင်းလာတာကလဲ ပြည်တွင်းဈေးကွက်မှာ ချင်းက အဝယ်ကောင်းနေလို့ ဖြစ်ပါတယ်။ ဒေသထွက် ချင်းတွေကို ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်ကိုအဓိက တင်ပို့ရောင်းချနေပါတယ်။ ဒေသမှာက ချင်းကိုတစ်နိုင်တစ်ပိုင်စိုက်ပျိုးတဲ့သူတွေများတယ်။ အခြားဒေသတွေလောက် အများကြီးမထွက်ပေမဲ့ ပုံမှန်ထွက်ရှိနေပါတယ်”ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေး ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ချင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းများကို ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၈၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၈၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် မိုးနှမ်း ၄၂၈၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ဧက ၈၉၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်”ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန်းစန်းမြင့်က ပြောပြသည်။



ယခုနှစ် အရာတော်မြို့နယ်တွင် မိုးနှမ်းစိုက်ပျိုးရာ၌ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေး အတွက်သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဖြူးမြို့နယ်၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းပြုလုပ်

**ဖြူး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချင်းခင်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက ချင်းခင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းချေးငွေဖြင့်ဆောင်ရွက်ခွင့်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များ၊ အရည်အချင်းသတ်မှတ်ချက်များကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသား၏ အများဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကိုရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဖြူးမြို့နယ် ချင်းခင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံ့ဖေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# လမ်းဖြောင့်ပါစေ

ဇော်လေး

**နိဒါန်း**

တစ်ခါက ထင်ရှားကျော်ကြားသော စာရေးဆရာ၊ သတင်းစာဆရာ၊ ဘာသာပြန်ဆရာ၊ ကျောင်းဆရာ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းဖေ (ကလောင်အမည် တက်တိုး) ၏ စာအုပ်တွင် ပါဝင်သော ထုတ်ဝေသူ၏ အမှာစာ၌ ဤသို့ ဖတ်ခဲ့ရဖူးသည်-

**စာရေးဆရာစစ်စစ်သည် မိမိအတွက် စဉ်းစားသည်က နည်းပေသည်။ အများအကျိုးကိုသာ ရှေးရှုသည်။ နာမည်ကျော်စေခြင်းကိုလည်း ဂရုမမူ၊ ချီးမွမ်းခြင်းကိုလည်း မခံမင်သလို၊ ကဲ့ရဲ့ခြင်းကိုလည်း မမှု၊ ငွေကြေးကိုလည်းမတွက်တတ်၊ စာပေကိုလည်း မရင်းတတ်သည်ကိုကျွန်တော်ငယ်စဉ်ကပင် နားလည်ခဲ့သည်။ စာရေးဆရာတို့သည် နိုင်ငံအကျိုးသယ်ပိုးနေသောအာဏာမဖက်သည့် နိုင်ငံရေးသမားအစစ်ကြီးများဖြစ်ကြသည်။**

စာဖတ်သူနှင့် ကျွန်တော်တို့သည် ဘဝလမ်းကို လျှောက်လှမ်းနေကြသည်တွင် လိုရာခရီးသို့ရောက်စေရန်အတွက် သိစရာများကို သိရမည်။ တတ်စရာများကို တတ်ရမည်။ သိစရာ တတ်စရာများဖြစ်သော ဗဟုသုတအသိဉာဏ်အတွက် စာပေလေ့လာဖတ်ရှုခြင်းကို ပြုကြရသည်။ ထို့ကြောင့် စာအုပ် စာပေများကို ဖတ်ကြလေ့လာကြရသည်။ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် လုံးချင်းဝတ္ထု၊ လုံးချင်းစာအုပ်၊ အတ္ထုပ္ပတ္တိ၊ ရာဇဝင်၊ သမိုင်း စသောဖတ်စရာမှတ်စရာများကို နေ့စဉ်မပြတ်ထိတွေ့ဖတ်ရှုနေကြသည်။ များများဖတ်သူက များများ သိသည်။ နည်းနည်း ဖတ်သူက နည်းနည်းသိသည်။ စာပေကိုဖတ်ရှုလေ့လာမှတ်သားခြင်း လုံးဝမရှိသူလည်းရှိမည်။သူက တီဗီကြည့်ချင်ကြည့်မည်။ လက်ကိုင်ဖုန်းပွတ်ချင် ပွတ်မည်။ စာအုပ်စာပေနှင့်တော့ ဝေးကွာလှမ်းနေသည်။ သူ့မှာတိုက်သင့်သော **အသိပညာ၊ အတတ်ပညာ** မရှိနိုင်ရှာချေ။

**ဗဟုသုတ**

စာအုပ်စာပေမှရသော အချက်အလက်အကြောင်းအရာအားလုံး ကောင်းသည်မှန်သည်ဟုမဆိုနိုင်သော်လည်း အလွဲအမှား အတိမ်းအချော်နှင့် လိမ်ညာမှုသား၊ အတင်းအဖျင်းလုပ်ကြံလုပ်စားမှုကတော့ နည်းပါးလှသည်။ အခြားသော သတင်းမီဒီယာများထက် စာပေက စိစစ်မှုနှင့် ဂုဏ်သိက္ခာရှိခြင်းကြောင့် အနည်းနှင့်အများပိုသန့်သည်။အမှားနည်းပါး၍ အမှန်က များပါသည်ဟု ယုံကြည်စိတ်ချရမှုပိုလေသည်။

ယေဘုယျပြောမည်ဆိုလျှင် စာဖတ်သူက အသိပညာ၊အတတ်ပညာပိုရမည်။အသိရှိသဖြင့်အကောင်းအဆိုးနှင့် အကြောင်းအကျိုးဆက်နွယ်မှု သဘောများကို ပိုမိုနားလည် သိမြင်တတ်မည်။ စာလုံးဝ မဖတ်သူထက် အနည်းငယ်ဖြစ်စေ သာလွန်ကောင်းပေသည်။ ထင်သာမြင်သာပါသည်။

တကယ်တော့ သိရုံတတ်ရုံမျှနှင့် ရပ်တန့်ခဲ့ပါကလည်း အကျိုးကြီးမားစွာရသင့်သလောက် မရချေ။ သိပြီတတ်ပြီဆိုသောအခါ လက်တွေ့ကျင့်သုံးလိုက်နာရသည်။ **မိမိကိုယ်ပိုင်တတ်ကျွမ်း** ပိုင်နိုင်စေရသည်။ ဆောင်စရာကိုသိ၍ဆောင်သည်။ ရှောင်စရာကို မြင်တတ်၍ ရှောင်သည်။ ဤကဲ့သို့ မိမိကိုယ်ကို ကောင်းအောင်၊ မဆိုးရလေအောင် ထိန်းကျောင်းစောင့်ရှောက်ခြင်းကို **သီလ**ဟု ခေါ်သည်။ စာရိတ္တကောင်းခြင်းလည်းဟုတ်သည်။ ဗဟုသုတနှင့် စာရိတ္တသီလ၊ **အသိနှင့်အကျင့်**၊ သဘောတရားနားလည်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်း ပေါင်းစပ်ပြီး ခရီးဆက်သောလူတစ်ယောက်သည် စိတ်ကြည်လင်ခြင်း၊ စိတ်တည်ငြိမ်ခြင်းနောက်ဆက်တွဲကောင်းကျိုးကိုလည်းရရှိနိုင်သည်။ ဗဟုသုတအသိဉာဏ်နှင့် သီလအကျင့်ကို လက်ကိုင်ပြုသူသည် အမြော်အမြင်အတွေးအခေါ် ပိုမိုကောင်းမွန်ကြောင်း လက်တွေ့လိုက်နာခဲ့သူများအတွက် ပြောစရာမလိုပေ။

**အသိ၊အကျင့်**

စာဖတ်သူအားလုံးခေါင်းဆောင်မဖြစ်ကြသော်လည်း နယ်ပယ်အသီးသီးမှာ ခေါင်းဆောင်ဖြစ်လာကြသူအများစုကား စာဖတ်ခဲ့ကြသော စာဖတ်သူများဖြစ်ကြလေသည်။ စာကောင်းပေကောင်းကိုရွေးချယ်ကာ တစ်ပတ်လျှင် စာအုပ်တစ်အုပ် သေသေချာချာ ဖတ်ရှုပြီးစီးအောင် စနစ်တကျ ဖတ်ကြသည်။ မှန်မှန်လေးအချိန်တစ်ပတ်လျှင် တစ်အုပ်နှုန်း စာဖတ်နေသူသည် တစ်နှစ်လျှင်စာအုပ်ပေါင်း ၅၂ အုပ် သို့မဟုတ် ၅၀ ကျော်ကို နှစ်စဉ်အလေ့ထား၍ ဖတ်ခဲ့သူဖြစ်၏။ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးသော သူဌေးများ၊ ဝါးရင့်ဘတ်ဖတ်၊ အီလွန်မတ် ၊ ဘီလ်ဂိတ်၊ ဂျက်မား၊ အမ်ဘာနီအစရှိသူများအထင်ရှား။ ဗဟုသုတသည် အခြေခံ စွမ်းအင် စွမ်းအားဖြစ်သည့်အပြင် **မိမိစိတ်ကိုတည်ငြိမ်ကြည်လင်အောင်ထိန်းသိမ်းနိုင်ခြင်း**သည်လည်း ပိုမိုအစွမ်းကြီးမားသော စွမ်းအင်တန်ခိုးဖြစ်လေသည်။ ထို့ကြောင့် "AS A MAN THINKTH" (1903)စာအုပ်ကို ရေးခဲ့သော အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ်၊ ဟန်တင်ဒင်မြို့၊ ကောလိပ်ကျောင်းအုပ်ကြီး ဂျိန်းအယ်လန် (James Allen) က စိတ်၏တည်ငြိမ်ခြင်းကိုဤသို့ သမာဓိသည် သီလကြောင့်ရရှိနိုင်ပြီး သမာဓိကြောင့် အတွေ့အကြုံကို ဉာဏ်ပညာပေါ်ထွက်အောင် စဉ်းစားသုံးသပ်တတ်ကာ သမာဓိရရှိကြောင်း ဗုဒ္ဓဘာသာ အဆုံးအမ သဘော၊ **သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်**တို့နှင့် ကိုက်ညီဆီလျော်စွာပင် ဤသို့ ရေးခဲ့ဖူးလေသည်။

**ပညာဂုဏ်**

**စိတ်၏တည်ငြိမ်ခြင်းသည် ဉာဏ်ပညာ၏ လှပသော ကျောက်မျက်ရတနာတို့တွင် အလှတစ်ပါးဖြစ်သည်။ ထိုသည် ကိုယ်၊ နှုတ်နှင့် စိတ်နှလုံးတို့ကို ကာလ ရှည်စွာသည်းခံ၍ ထိန်းသိမ်းရန် ကြိုးပမ်းမှုမှ ရသော ရလဒ်ဖြစ်သည်။ ၎င်းရှိနေခြင်းသည် အတွေးအခေါ် ပေါ်ထွန်းလာမှုနှင့် လုပ်ဆောင်မှုတို့၏ နိယာမတရားကို သာမန်အားဖြင့်သိသောအသိထက် ပိုသောအဖြစ်နှင့် ရင့်ကျက်သောအတွေ့အကြုံတို့ကို ဖော်ညွှန်းခြင်းပင်ဖြစ်ပေသည်။**

လမ်းကြောင်းမှတ်တိုင်များကို ပြန်လည်ငဲ့ကြည့်၍ မှတ်သားမည်ဆိုလျှင် (၁) ဗဟုသုတရအောင် စာဖတ်ခြင်း၊ (၂) မိမိကိုယ်ကျင့်တရားကို မြှင့်တင်ရခြင်း (၃) ဤသို့အသိနှင့် အကျင့်ပေါင်းစပ်လုပ်ဆောင်လာသောအခါ စိတ်၏တည်ငြိမ်ကြည်လင်ခြင်းကြောင့် သမာဓိကောင်းလာခြင်း၊ (၄) ထို့ကြောင့် ပိုမိုမြော်မြင်နားလည်နိုင်စွမ်း ဉာဏ်ပညာမြင့်မားပြည့်စုံခြင်းဟု တွေ့နိုင်ပေပြီ။

မဂ္ဂင်ရှစ်ပါးဟူသော မြတ်စွာဘုရား မိဂဒါဝုန် ဥယျာဉ်တော်ဝယ် ဂေါတမဗုဒ္ဓ၊ သဗ္ဗညုတဉာဏ် အလင်းရပြီးကာလ ပထမဦးဆုံးသော တရားဦး ဓမ္မစကြာ တရားတော်ကို အကျဉ်းမျှဖော်ပြ မိတ်ဆက်ပါရစေ။ သိရှိနားလည်ပြီးကြသော စာဖတ်သူများလည်း ပါဝင်နေကြမည်ဟု ထင်ပါသည်။ ဓမ္မစကြာပဝတ္တနသုတ္တကို ကြိမ်ဖန်များစွာ ရွတ်ဆိုပူဇော်သကဲ့သို့ ကြိမ်ဖန်များစွာကြားခဲ့ရသည်လည်း ရှိနိုင်ပါသည်။ ဆရာတော် သံဃာတော်များနှင့် လူပညာရှိ၊ တရားပြ၊ တရားဟောသင်ကြားပို့ချကြသူများ၏ တရားကိုလည်း နာယူဖူးကြပါလိမ့်မည်။ တူတာများပါလိမ့်မည်။ မတူတာ၊ မှားတာပါရှိခဲ့သည်ထင်လျှင် ဆင်ခြင်သုံးသပ်၍မှန်သည့် ကောက်ချက်ကိုသာ ရွေးယူပါဟု လေးစားစွာ တင်ပြလိုပေသည်။

**အဆီအနှစ်**

မဂ္ဂင်ရှစ်ပါးသည် တစ်ခုပြီးတစ်ခု ဆက်စပ်ဆီလျော်စွာစဉ်ထားသော ယုတ္တိဗေဒ၊ သိပ္ပံနည်းကျ အစီအစဉ် ဖြစ်ပါသည်။ မိမိတို့ငယ်စဉ်ကမူ (၁) မှ (၈) အထိသည် အဖြောင့်အတန်း၊ အစအဆုံးအစဉ်တန်းသဘောမျိုးတစ်ကြောင်းဟုသာ ထင်မြင်ယူဆခဲ့ပါသည်။ အသက်အရွယ် တတိယအရွယ်သို့ရောက်လာမှ ဓမ္မစာပေများ ပိုမိုလေ့လာဖတ်ရှုမိခြင်း၊ ဆရာတော်များ၏ တရားတော်ကို နာကြားရခြင်းကြောင့် ငယ်စဉ်ကထက် လိပ်ပတ်လည်ရှင်းလင်းလာသည်ဟု ထင်မြင်ပါသည်။

**မဂ္ဂင်** -မဂ္ဂ-(ပါဠိဝေါဟာရ)-လမ်းလမ်းမှန်လမ်းကောင်း၊လမ်းကြောင်းတွင် အပိုင်းအဆစ်(၈)ချက်ပါဝင်ပါသည်။ ၁။ **အမှန်မြင်ခြင်း**။ အမှန်မြင်မှသာ အတွေးအမြင်မှန်မည်။ ၂။ **အတွေးမှန်ခြင်း**။ သို့မှသာ အပြော၊ အရေးမှန်ကန်မည်။ ၃။ **အပြောမှန်ခြင်း**။ အပြောမှန်မှသာ အလုပ်လည်း မှန်မည်။ ၄။ **အလုပ်မှန်ခြင်း**။ ထိုအခါ အသက်မွေးလည်း မှန်မည်။ ၅။ **အသက်မွေးမှန်ခြင်း**။ ထိုအခါ စိတ်ကြည်လင်မည်။ ၆။ **အားထုတ်မှုမှန်ခြင်း**။ အားစိုက်ပုံနည်းလမ်းကျ။ ၇။ **အောက်မေ့မှုမှန်ခြင်း**။ သမ္မာသတိအလေ့အကျင့်ရှိ။ ၈။ **တည်ကြည်မှုမှန်ကန်ခြင်း**။ သမာဓိအဆင့်ဆင့်ရရှိ။ နွားလှည်းဘီး၏ ထောက်တိုင်ရှစ်ခုကဲ့သို့ ဘီးစက်ဝန်းကို ရှေ့သို့ ရှေ့သို့ ဆက်ကာဆက်ကာလိမ့်သွားရအောင် ဤအချက် ၈ ချက်ကို နေ့စဉ် နေ့စဉ်နေ့နေ့ ညည ကျင့်သုံးနှလုံးသွင်း၍ ကျင့်ဆောင်နေရမည်ဟု ယူရပါမည်။

**နေ့စဉ်အလုပ်**

(၁) ကနေ (၈) ရောက်တော့ ဆုံးပြီ။ ပြီးသွားပြီ။ ရပ်ပြီဟု မယူဆရပေ။ စက်ဝန်းသဘော ဆက်ကာဆက်ကာ (၈) မှ (၁) သို့ ပြန်၍ လိုက်နာလုပ်ဆောင်ရမည့် ဥပဒေသကြောင့် ဓမ္မစက္က-တရားစက်ဝန်းဟု ခေါ်ဆိုခြင်းပါ။ ဓမ္မရှစ်ပါးသည် မျဉ်းဖြောင့်မဟုတ်။ ထပ်ခါထပ်ခါ အကြိမ်ကြိမ် လည်ပတ်နေရမည့် စက်ဝန်း ဖြစ်၏။

(ဝ လုံးကို အထပ်ထပ်ပတ်ရင်းဖြင့်) လေးရက်ခန့်ကြာလျှင် အနတ္တလက္ခဏာသုတ်ကို နားလည်သိမြင်လောက်သော ဉာဏ်အခြေခံ ပဥ္စဝဂ္ဂီ ငါးပါး အဆင့်သင့်ဖြစ်ပြီ (ဘေးချော်ထွက်သွားသော သဝေထိုးမဖြစ်ပေါ်တော့ဘဲ အချက်စက်ဝန်းလိပ်ပတ်လည်ပြီ) ဆိုမှ မြတ်စွာဘုရားက အတ္တသဘော ( တစ်လောကလုံး) မှတ်ထင်ယူဆနေခြင်းသည် အမြင်သွေလွဲနေခြင်းသာဖြစ်၍ အတ္တမရှိ၊ အတ္တမဟုတ်၊ အတ္တဟု ပိုင်ဆိုင်မှု ဘာမှမရှိ။ အနတ္တလက္ခဏာသာ အစစ်အမှန်ဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားစွာ ထုတ်ဖော်ဟောကြားတော်မူသည်။

မြတ်စွာဘုရားက အသစ်ဖန်တီးသူမဟုတ်။ ပကတိအရှိတရားကို သူတော်ကောင်းများ သိမြင်နားလည်စေရန် သစ္စာလေးပါးကို လမ်းညွှန်ဆုံးမ အလင်းဖွင့်ပြခြင်းသာ။ ဤသို့မြင်ရခြင်းဖြင့် သမုဒယသစ္စာကြောင့်ဖြစ်သော ဒုက္ခသစ္စာသည် ချုပ်ငြိမ်းသွားကာ နိရောဓသစ္စာဆိုသော မဂ္ဂသစ္စာလမ်းမှန်ဖြစ်သော ကျင့်စဉ်တရားကို ငါးရက်ကြာသောနေ့မှာမှ အနတ္တလက္ခဏာသုတ်ကို ရှင်းလင်းဟောကြားသည်။ ဝါဆိုလပြည့်ကျော် ၅ ရက်မှာဖြစ်ပါသည်။ လူ့ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ကလေးအရွယ်၊ လူငယ်လူလတ်အရွယ်၊ လူကြီးလူအိုအရွယ်ဟူသော အရွယ်သုံးပိုင်းကို လူတိုင်းလိုလို ဖြတ်သန်းရလေ့ရှိသည်။ အသက်အပိုင်းအခြား ဘယ်အရွယ်မှာ သေလွန်မည်ကို မည်သူမှ ကြိုတင်မသိပေ။

မသေမီ သိမြင်ကျင့်သုံးရမည့် အကောင်းဆုံးသော အသိပညာအတတ်ကား အောက်ပါအချက် ၈ ပါး လမ်းကြောင်း အမှန်အကျင့်တရားပါတည်း။ **ကောင်းစွာသိမြင်ခြင်း၊ ကောင်းစွာကြံစည်၊ စဉ်းစား၊ တွေးတောခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာ သတိထားခြင်း၊ အောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း။**

ယနေ့မှစ၍ စာဖတ်သူသည် ပိုမိုပြည့်စုံတိကျစွာ သိရှိရှင်းလင်းအောင် အလေ့ထား၍ ကြိုးစားပါရန် အားပေးတိုက်တွန်းအပ်ပါသည်။ ကွေးသောလက်မဆန့်သေးမီလေးတင် သေမင်းက မိမိထံရောက်လာနိုင်ပါ၏။ ၃၁ ဘုံတွင် ဂေါတမဗုဒ္ဓမြတ်စွာ (၅၆၃-၄၈၃ ဘီစီ) ကျေးဇူးတော်ကြောင့် လူဖြစ်ရကျိုးနပ်သော ပြုလုပ်ဖွယ်ရာ မဂ္ဂင်ရှစ်ပါးကို နေ့စဉ်အလုပ်အဖြစ် အားထုတ်ခွင့်ကြုံကြိုက်ရရှိကြပေသည်။ မိမိတို့ဘဝ အရတော်ပေစွ၊ ကံကောင်းကြလေစွ။

**နိဂုံး**

အကယ်စင်စစ်အလုပ်ကြိုးစားမှုသည် ဘဝကယ်တင်မှုပင်ဖြစ်သည်ဟု လူအများက သိရှိထားကြသည်။ ရည်မှန်းချက်ပန်းတိုင်များသို့ သွားရာလမ်းတွင်ရောက်ရှိစေနိုင်မည့်လိုအပ်ချက်တစ်ခုဟုလည်းယူဆကြသည်။ မမှားပါ။ အလုပ်ကြိုးစားမှုပါရပေမည်။ သို့ရာတွင် ဦးတည်ချက်ပန်းတိုင်မှန်ကန်ရန်နှင့် လမ်းမှန်ပေါ်တွင် ရှိနေရန်က ပို၍အဓိကကျပေသည်မဟုတ်လော။

အလုပ်နှင့် အလုပ်အပေါ် သဘောထား ဆက်နွယ်မှုကို ဖော်ပြ၍ နိဂုံးချုပ်ပါမည်။ အလုပ်သည် လူတစ်ယောက်၏ ရှင်သန်မှုနှင့် မပျော်ရွှင်မှုကို ခွဲခြားဖြစ်ပေါ်စေပါသည်။ အလုပ်အပေါ်ထားရှိသော မိမိ၏ သဘောထားက အရေးကြီးကြောင်း သိထားရပါမည်။ အလုပ်ကို သင်နှစ်သက်သဘောကျလျှင် သင် ပျော်ရွှင်မည်။ အလုပ်မကြိုက်လျှင် သင်သည် မချမ်းမြေ့နိုင်ပေ။ ထို့ကြောင့် နေ့စဉ်ကျင့်သုံး လုပ်ဆောင်ရမည့် မဂ္ဂင်ရှစ်ပါးအလုပ်တရားကို ဘဝ၏တန်ဖိုးအရှိဆုံး အမြတ်ဆုံးအဖြစ် သိမြင်ပြီးကြိုက်ပါ။ လက်ခံပါ။ နှစ်သက်တတ်ပါစေဟု ဆန္ဒပြုရပေသည်။

❖ ယေဘုယျပြောမည်ဆိုလျှင် စာဖတ်သူက အသိပညာ၊အတတ်ပညာပိုရမည်။ အသိရှိသဖြင့် အကောင်းအဆိုးနှင့် အကြောင်းအကျိုးဆက်နွယ်မှု သဘောများကို ပိုမိုနားလည်သိမြင်တတ်မည်။ စာလုံးဝမဖတ်သူထက် အနည်းငယ်ဖြစ်စေ သာလွန်ကောင်းပေသည်။ ထင်သာမြင်သာပါသည်။ တကယ်တော့ သိရုံတတ်ရုံမျှနှင့်ရပ်တန့်ခဲ့ပါကလည်း အကျိုးကြီးမားစွာ ရသင့်သလောက် မရချေ။ သိပြီတတ်ပြီဆိုသောအခါ လက်တွေ့ကျင့်သုံး လိုက်နာရသည်။ မိမိကိုယ်ပိုင်တတ်ကျွမ်းပိုင်နိုင်စေရသည်။ ဆောင်စရာကို သိ၍ ဆောင်သည်။ ရှောင်စရာကို မြင်တတ်၍ ရှောင်သည်။❖

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွ ငါးပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မအူပင် ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွ ငါးပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း မအူပင် မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးခေါင်းပွငါးပိဿာချိန် ၅၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ငါးခေါင်းပွငါးပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ငါးခေါင်းပွငါးများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ထံမှ သိရသည်။

"မအူပင်မြို့နယ်ကနေ ထွက်ရှိတဲ့ ငါးခေါင်းပွငါးတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့မေလပထမပတ်ကနေ ငါးခေါင်းပွတွေ တင်ပို့မှုပိုမိုကောင်းမွန်လာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွငါးကဝယ်လိုအားကောင်းနေပါတယ်။ လက်ရှိ ငါးခေါင်းပွငါးတွေဝယ်လိုအား ကောင်းလာသလို ဈေးလဲကောင်းလာပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းရဲ့ နယ်ပယ်အသီးသီးက အရောင်းအဝယ်လုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့်နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချမှုအားကောင်းမွန်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် မောင်ကော့ကန်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**စလင်း ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှုံးပင်ကန်ကျေးရွာအုပ်စု၊ မောင်ကော့ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မောင်ကော့ကန်ကျေးရွာ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ မောင်ကော့ကန်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၀၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုတိုင်းတာစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မောင်ကော့ကန်ကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများမှ ငွေကျပ် ၁၀ ဒသမ ၃ သန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် ဇွန် ၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# ဘားအံမြို့နယ် ပိန္နဲကုန်း(ကမ်းနား-၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပိန္နဲကုန်း(ကမ်းနား-၁) ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပိန္နဲကုန်း (ကမ်းနား-၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုသူ ၃၃ ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၄၅ သိန်းထုတ်ချေး ပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# မြောင်မြို့နယ်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနမ်း ၁၃၅၅ ဧက ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဆောင်းနှမ်း ၁၃၅၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြောင်မြို့နယ်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သောနှမ်းစိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ်ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၅၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၅၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ် နှမ်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၄၁၁၅ ဧကထိစိုက်ပျိုးနိုင်ခဲ့တာပါ။ ဒီနေ့ထိ ၁၃၅၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းကလဲ ကောင်းမွန်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၁၁၂ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ်အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ နှမ်း ၄၁၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့သည်။

မြောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နှမ်းနှမ်းစိုက်ပျိုးမှုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# မြောက်ကျောက်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း ပြုလုပ်

**ဝေါ ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သပြေကန်ကျေးရွာအုပ်စု မြောက်ကျောက်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် အဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့်ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ၊ ခံစားခွင့်များကိုရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသား၏ အများဆန္ဒနှင့်အညီ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၀၀ သိန်းကိုပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**



# သစ်တောနှင့်သစ်ပင် ချစ်ခင်သောလူမျိုး

အောင်ကြည်ညွန့်(တက္ကသိုလ်)

အာဆီယံအသင်းဝင်နိုင်ငံများအနက် မြန်မာနိုင်ငံသည် ဒုတိယ အရွယ်အစားကြီးသောနိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံက အရွယ်အစားအကြီးဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းရှည်လျားစွာရှိ၏။ ရခိုင်ကမ်းမြောင်ဒေသ၏ ပင်လယ်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ကမ်းခြေဒေသများနှင့် တနင်္သာရီကမ်းရိုးတန်းရှည်ကြီးအပါအဝင် ကမ်းရိုးတန်းကြီးသည် မိုင်ပေါင်းများစွာရှည်လျားသည်။ ကုန်းနှင့်ရေသဘာဝဝန်းကျင်များရှိသည်။

ထို့ပြင် မြန်မာနိုင်ငံမြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေသော တောင်တန်းကြီးများ၊ တောင်ကုန်းများသည် ဟိမဝန္တာတောင်များမှ ဖြာထွက်လာသော အစွယ်များဖြစ်သည်။ အလားတူ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ စိမ့်စမ်း၊ ရေတံခွန်၊ သစ်တောများ၊ လွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်တို့သည်လည်း တောင်တန်းတောင်ကုန်းအလိုက် ဖြစ်ပေါ်နေမှုကြောင့် နိုင်ငံ၏ ဘူမိသွင်ပြင်ပထဝီအနေအထားတို့သည် လူသား၊ ယဉ်ကျေးမှုနှင့် သမိုင်းတို့ကို ဖန်တီးပေးသော အခြေခံကြီးများဖြစ်လာသည်။ မြန်မာ့တောတောင်ရေမြေသဘာဝသည် မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းတွင် အရေးပါသောနေရာက ရပ်တည်နေသည်။

မြန်မာတိုင်းရင်းသားတို့၏ ရှေးအကျဆုံးကိုးကွယ်ယုံကြည်မှုဖြစ်သော နတ်ကိုးကွယ်မှုတွင် တောတောင်ရေမြေ၊ မြစ်ချောင်းအင်းအိုင်၊ သစ်ပင်ဝါးပင်ကြီးတို့ကို စောင့်ရှောက်သောနတ်များရှိသည်ဟု ယုံကြည်ကြသည်။ ၎င်းတို့ကိုပူဇော်ပသပါက လူသားတို့ကိုစောင့်ရှောက်တတ်သောကြောင့် ဖျက်ဆီးခြင်းမပြုဘဲ အသုံးပြုရန်လိုအပ်ပါက သက်ဆိုင်ရာနတ်တို့ထံတွင် ခွင့်ပန်ပြီးမှ သစ်ဝါးခုတ်ခြင်း၊ သစ်ပင်ဝါးပင်၊ ပန်းမန်ခူးခြင်း၊ ရေကိုခပ်ယူခြင်း၊ ကျောက်တုံးကျောက်ခဲများယူခြင်း ပြုကြသည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိထွန်းကားလာသောအခါ သဘာဝပတ်ဝန်းကျင်ကို နှစ်သက်မြတ်နိုးကာ ဗုဒ္ဓဘာသာကို လေးစားယုံကြည်ကိုးကွယ်သော မြန်မာတိုင်းရင်းသားတို့၏ မူရင်းစရိုက်ကို ပိုမိုပီပြင်ခိုင်မာလာခဲ့သည်။ အကြောင်းသော်ကား ဗုဒ္ဓဘာသာပင်လျှင် သဘာဝပတ်ဝန်းကျင်နှင့်များစွာဆက်နွှယ်နေပြီး ဗုဒ္ဓတရားနှင့် ယဉ်ကျေးမှုတို့၏ အမြိုက်တရားမှန်ကို ရှာဖွေတွေ့ရှိနိုင်ရန် သဘာဝပတ်ဝန်းကျင်အရေးကြီးမှုကို ဖော်ညွှန်းပေးခဲ့ခြင်းကြောင့်ဖြစ်သည်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို လုမ္ဗိနီအင်ကြင်းတောတွင် ဖွားမြင်ခဲ့သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာကျင်းပနေချိန်၌ ဘုရားလောင်း မင်းသားငယ်သည် ဇမ္ဗုသပြေပင်ရိပ်၌ ထက်ဝယ်ဖွဲ့ခွေ၍ အံ့ဖွယ်သူရဲထူးကဲစွာ စျာန်ဝင်စားနေခဲ့သည်။ အရွယ်ရောက်သောအခါ မင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို **မင်္ဂလာဥယျာဉ်တော်**တွင် မြင်တွေ့ခဲ့သည်။ အသက် ၂၉ နှစ်အရွယ်တွင် ထီးနန်းနှင့်လောကီကို စွန့်လွှတ်ခဲ့ပြီး **ဥရုဝေလတော**သို့ ထွက်ခဲ့သည်။ ခြောက်နှစ်ကြာ တရားရှာကျင့်ကြံခဲ့ပြီးနောက် **ဗောဓိညောင်ပင်**ရင်းဝယ် ဘုရားအဖြစ်သို့ရောက်ခဲ့သည်။ ပထမဆုံးတရားဖြစ်သော ဓမ္မစကြာကို ပဉ္စဝဂ္ဂီငါးပါးကို **မိဂဒါဝုန်တော**တွင် ဟောကြားတော်မူခဲ့သည်။

ဘုရားအဖြစ်ရောက်နေသောအခါ ခမည်းတော်မင်းကြီးက နေပြည်တော်သို့ကြွရန် ကာဠုဒါယီအမတ်ကြီးကို ဖိတ်ကြားခိုင်းလိုက်သည်။ မိန်ရာသီ တပေါင်းလတွင် ဖခမည်းတော်ဌာနေ ကပိလဝတ်ပြည်သို့သွားသောလမ်းခရီးတစ်လျှောက် **တော၊ တောင်၊ ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်၏** သာယာလှပရှုမောဖွယ်ကို ကာဠုဒါယီမထေရ်က ဂါထာ ၆၀ ဖြင့် မြတ်စွာဘုရားကြားသိ ရန်ရွတ်ဆိုခဲ့ရာ မြတ်စွာဘုရားသည် သဘာဝအတိုင်း သာယာလှပသော တောတောင်ရှုခင်းများကို ကြည့်ရှုရင်း ခမည်းတော်ဌာနေသို့ ကြွရောက်လာခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသော ဓမ္မတရားကလည်း တောအရပ်၌သာ တရားရှာဖွေကျင့်ကြံရန်အကောင်းဆုံးဟု ညွှန်ထားသည်။

လောကီကိုစွန့်ပယ်ရန်နှင့် လောကီကိုအဆက်ဖြတ်ရန် အသင့်လျော်ဆုံးနေရာမှာ သဘာဝတောပင်ဖြစ်သည်။ ထို့ကြောင့်ပင် ရဟန်းတို့ကျင့်ကြံအားထုတ်ရန် ပြဋ္ဌာန်းထားသော ဓုတင် ၁၃ ပါးတွင် မြို့၊ ရွာစသော လူနေထိုင်ရာဌာနများနှင့် ကွာလှမ်းသောအရပ်တွင် နေထိုင်ရန်၊ တောတွင်းသစ်ပင်ရင်း၌ တရားအားထုတ်ရန်၊ ဟင်းလင်းပြင်ကွက်လပ်တွင် တရားအားထုတ်ရန်နှင့် သုသာန်တစပြင်တွင် တရားအားထုတ်ရန် ပါဝင်သည်။

> ❖ မြန်မာတို့သည် သစ်တောနှင့်သစ်ပင်ကို မြတ်နိုးချစ်ခင်လှသော လူမျိုးများပီပီ ကဗျာဆရာ၊ စာရေးဆရာ၊ သီချင်းရေးဆရာတို့သည် ပတ်ဝန်းကျင်၏ သဘာဝအလှတရားများကို ဖော်ထုတ်ခံစားရေးဖွဲ့လေ့ရှိကြသည်။ ကဗျာပုံစံနှင့် စာတစ်ပုဒ်ကို ပြရမည်ဆိုလျှင် ရှင်ဥတ္တမကျော်၏ ရွှေစက်တော်သွားတောလားကိုပြရပါမည်။ ဆရာတော်သည် ရွှေစက်တော်သို့ အလွန်သာယာလှသောတပေါင်းလရာသီတွင် ကုန်းကြောင်းခရီးကြွသည်။ သွားရောက်ခဲ့ရာ ခရီးတစ်လျှောက် ရှုမြင်ရသောသဘာဝဝန်းကျင်၏ မြင်ကွင်းတို့ကို ကဗျာနှင့် စာပန်းချီခြယ်မှုန်းခဲ့၏။ ❖

မြန်မာ့ယဉ်ကျေးမှုကို ထောက်ရှုပြန်သောအခါတွင်လည်း သဘာဝဝန်းကျင်မှ ပေါက်ဖွားလာသော ယဉ်ကျေးမှုအခြေခံဒဿန အယူအဆများ၊ မူများ၊ စည်းကမ်းကလနားများကို တွေ့ရသည်။

ဦးစွာပထမ မြန်မာ့ဂီတမှကောက်နုတ်တင်ပြရပါလျှင် မြန်မာ့ဂီတသံစဉ်ခုနစ်ပါးကို နွားလားဥသဘာ အသံ၊ ဆင်သံ၊ မြင်းသံ၊ ဆိတ်သံ၊ ကြိုးကြာသံ၊ ဥဩသံ၊ ဥဒေါင်းသံဟူသော သတ္တလောကမှ အသံဘက်တွင် ထင်ရှားသောသတ္တဝါတို့အသံကို ယူထားကြောင်း၊ တစ်ဖန် ဇမ္ဗူသပြေပင်ကြီး၏အသီးများ သမုဒ္ဒရာသို့ ကြွေကျသောအသံနှင့် ၎င်းတို့ကို ငါးကြီးအာနန္ဒာက လိုက်လံဟပ်၍စားသောအသံတို့သည် မြန်မာ့ဂီတသံစဉ်များဖြစ်လာသည်ဟူသော ဒဏ္ဍာရီများသည် သဘာဝပတ်ဝန်းကျင်မှ မြန်မာ့ဂီတစခဲ့သည်ဟုဆိုနိုင်သော အထောက်အထားများဖြစ်သည်။

တေးသီချင်းများကို ဆန်းစစ်ကြည့်ပါကလည်း မြန်မာ့ကျေးလက်နှင့် ဂန္ထဝင်တေးသီချင်းများတွင် အများစု သို့မဟုတ် အားလုံးနီးပါးသည် သဘာဝပတ်ဝန်းကျင်ကို အရင်းခံကြောင်းတွေ့ရသည်။ ကျေးလက်တေးသီချင်းများသည် တော၊ တောင်၊ ရေ၊ မြေ၊ ပန်းမန်၊ ကျေးငှက်သာရကာ၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ စသော တောရိုင်းတိရစ္ဆာန်တို့၏ သာယာလှပကြည်နူးချမ်းမြေ့ဖွယ်တို့ကို သီကုံးကြ၊ ဖွဲ့သီကြသည်က များသည်။ သာဓကအားဖြင့်-

- "တောင်တောရယ်သာ
  မာလာကင့်ဖူး
  တစ်ပင်ကိုနှစ်ပင်ယှက်တယ်
  ကျေးငှက်ကမြူး။"
- "ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က
  လွမ်းအောင်ကူခဲ့
  ပန်းတော်ဖြူ ပင်မြက်နေဇာထူလှ
  ဖိုးတောင်သူတဲ့။"

ဤကျေးလက်တေးနှစ်ပုဒ်တည်းနှင့်ပင် လုံလောက်သောသာဓကဖြစ်ပါသည်။

မြန်မာသီချင်းကြီးတစ်ပုဒ်ဖြစ်သော "တောင်တောသာယာ" အစချီသီချင်းသည် မြန်မာနိုင်ငံတွင် သဘာဝပေါက်ပန်းရိုင်းချည်းသာ ဖော်ပြထားရာ ခတ္တာပန်း၊ အင်ကြင်းပန်း၊ ဇလပ်ပန်း၊ ထပ်တစ်ရာပန်း၊ ခေါင်ရန်းပန်း၊ စံကားစိမ်းပန်း၊ နွယ်သာကီပန်း၊ ဇွန်ပန်း၊ မဥ္ဇူပန်း၊ ကရမက်ပန်း၊ ဒေါနပန်း၊ စံပယ်ပန်း စသော မြန်မာ့ပန်းမျိုးပေါင်း ၂၄ မျိုးအမည်များနှင့် သီချင်းစပ်ထားသည်ကို တွေ့ရသည်။

မြန်မာ့စာပေသမိုင်းကို သုံးသပ်ပြန်သောအခါ တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်၏ သာယာလှပမှုနှင့် မြန်မာတို့၏ ရသခံစားမှုဆက်နွှယ်နေသည်ကို တွေ့ရ၏။

ပုဂံခေတ်ကဗျာသုံးပုဒ်ကို လေ့လာကြည့်သောအခါ ၎င်းသုံးပုဒ်စလုံး သဘာဝဝန်းကျင်တွင် အခြေခံထားသည်ကို တွေ့ရသည်။

"မြကန်"သည် တုရင်တောင်တန်း ခြေရင်း၌ ပြုလုပ်ထားသော တစ်ဖက်ဆည်ကန်တွင် ကြာမျိုးစုံနှင့် ငှက်မျိုးစုံအေးမြကြည်လင်သောရေနှင့် တင့်တယ်နေခြင်းကို တာဝတိံသာက နန္ဒာကန်နှင့် ယိုးမှားစရာဟု ဖွဲ့ထားသည်။

အလားတူ ပန်းပင်၊ ဆေးဝါးပင်၊ သစ်ပင်များဖုံးနေသောကြောင့် ပုပ္ပားတောင်(ပန်းတောင်)ဟု ခေါ်သော တောင်၏သဘာဝရှုခင်းကို အကြောင်းပြု၍ရေးဖွဲ့သော ထိုတောင်ကိုစောင့်ရသော မဟာဂီရိနတ်မောင်နှမတို့၏ ကြေကွဲဖွယ်ရာဇာတ်လမ်းကို **စံကားဝါတောကြီး**နောက်ခံထား၍ ဖွဲ့ထား၏။

- "သိုးကလေ
  ပုပ္ပားနတ်တောင်
  အခေါင်မြင့်ဖျား
  စုံတောပြား၌
  နံ့ရှားကြိုင်လွှင့်
  ခါတန်သင့်သည်
  ရွှေနှင့်ယိုးမှား
  ပန်းစံကား"ဟူသော အဖွင့်တစ်ပိုဒ်ထဲမှာပင် ပုပ္ပား၏သာယာမှုကို ရသမြောက် ခြယ်မှုန်းပြီးဖြစ်သွားသည်။

အနန္တသူရိယအမတ်ကြီး၏ သံဝေဂလင်္ကာဖြစ်သော "သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ" အစချီသောလင်္ကာ၌ အနိစ္စတရားကိုပင် ဩကာသလောကအကျုံးဝင် သမုဒ္ဒရာအတွင်းကရေပွက်ကလေးနှင့် နှိုင်းထားသည်။ သဘာဝပတ်ဝန်းကျင်သည် မြန်မာတို့၏ ရုပ်ပိုင်းဆိုင်ရာတွင်သာမက စိတ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာ၊ တရားဓမ္မ၊ သံဝေဂဆိုင်ရာမှာပင် ဩဇာညောင်းနိုင်စွမ်းရှိသည်။

မြန်မာတို့သည် သစ်တောနှင့်သစ်ပင်ကို မြတ်နိုးချစ်ခင်လှသောလူမျိုးများပီပီ ကဗျာဆရာ၊ စာရေးဆရာ၊ သီချင်းရေးဆရာတို့သည် ပတ်ဝန်းကျင်၏ သဘာဝအလှတရားများကို ဖော်ထုတ်ခံစားရေးဖွဲ့လေ့ရှိကြသည်။ ကဗျာပုံစံနှင့်စာတစ်ပုဒ်ကို ပြရမည်ဆိုလျှင် ရှင်ဥတ္တမကျော်၏ ရွှေစက်တော်သွားတောလားကိုပြရပါမည်။ ဆရာတော်သည် ရွှေစက်တော်သို့ အလွန်သာယာလှသော တပေါင်းလရာသီတွင် ကုန်းကြောင်းခရီးကြွသည်။ သွားရောက်ခဲ့ရာ ခရီးတစ်လျှောက် ရှုမြင်ရသော သဘာဝဝန်းကျင်၏ မြင်ကွင်းတို့ကို ကဗျာနှင့် စာပန်းချီခြယ်မှုန်းခဲ့၏။

ထို့အတူ သဘာဝဝန်းကျင်ကို မြတ်နိုးထိန်းသိမ်းစောင့်ရှောက်စေ့ဆော်သော မြန်မာ့ကဗျာစာပေတွင် ဦးကြော့၏ "စုံနံ့သာမြိုင်ရာပုံတော်ကြီး"နှင့် ဦးပုည၏ "ဆဒ္ဒန်ဆင်မင်း"ဝတ္ထုသည် စံပြုထိုက်သောစာများစာရင်းဝင်ဖြစ်၏။ စုံနံ့သာမြိုင်သည် ချစ်သူပျောက်၍ လိုက်ရှာနေသော မိန်းကလေး၏ အလွမ်းတွင် စာဖတ်သူကိုပါကူ၍ လွမ်းသွားစေရုံသာမက ၁၆ ဌာနခရီး၏ သဘာဝပတ်ဝန်းကျင်အလှတွင် စာဖတ်သူကို ပျော်မွေ့စေသည်။ ဦးပုညကလည်း သူ၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုအစ၌ ဆင်မင်းနှင့် အပေါင်းအပါဆင်တို့စံပျော်ရာ ကြာအိုင်ကြီးကို ရေးဖွဲ့လိုသည်မှာ စာဖတ်သူကို ၎င်းကြာအိုင်ကြီးများဆီသို့ တစ်ပါတည်းဆောင်ကြဉ်းသွားပြီး ကြာမျိုးစုံတို့ရနံ့ကို စိတ်ကူးနှင့်ခံစားစေသည်။

သဘာဝဝန်းကျင်အကြောင်း ရေးသားကြသော စကားပြေများအနက် ဆရာတော်ဦးဩဘာသပြုစုသော ဝေသန္တရာဇာတ်တော်ကြီးသည် နမူနာကောင်းတစ်ခုဖြစ်သည်။ ဟိမဝန္တာချီးမွမ်းခန်း၌ ဆရာတော်က သီးပင်၊ ပွင့်ပင်အမျိုးအမည် ၄၀၊ တောရိုင်းအပင် ၂၀၊ ဟင်းသီးဟင်းရွက်အပင်အမျိုးပေါင်း ၂၇ မျိုး၊ အရိုင်းပေါက်နေသော ဆန်၊ မုယောအစရှိသော နှံစားပင်ငါးမျိုး၊ တောရိုင်းကုန်းသတ္တဝါ အမျိုးပေါင်း ၃၈ မျိုး၊ ရေသတ္တဝါအမျိုးပေါင်း ခြောက်မျိုး၊ တွားသွားသတ္တဝါအမျိုးပေါင်း သုံးမျိုး၊ ငှက်သတ္တဝါအမျိုးပေါင်း ၅၄ မျိုးတို့ကို အမည်နာမဖြင့် ဖော်ပြထားသည်။

ဇာတ်ပွဲများတွင်မပါမဖြစ် ပါဝင်ကပြရသော "နှစ်ပါးသွား"ခန်းသည်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလူထုပညာပေးခန်းဟု ဆိုနိုင်သည်။ ချစ်ခန်းကြိုက်ခန်းများကို နန်းတွင်း၊ စံအိမ်တော်ဥယျာဉ်တွင်း၌ချိန်းမတွေ့ကြဘဲ သစ်သီးဝလံပန်းမန်မျိုးစုံ၊ ငှက်မျိုးစုံ၊ တိရစ္ဆာန်မျိုးစုံတို့စံပျော်ရာတောမြိုင်ကြီးအတွင်းတွင်မှ အချစ်ခန်းဖွင့်ကြပါသည်။ ထို့ကြောင့်ပင် **"မြိုင်ထနှစ်ပါးသွားအက"**ဟု ခေါ်သည်။

ဤသို့ လူသားတို့အတွက် အရေးကြီးသောသဘာဝဝန်းကျင်ကို ရိုသေမြတ်နိုး၊ ထိန်းသိမ်းကာကွယ်ဆိုဆုံးမသောစကားများ မြန်မာစာပေတွင် များစွာရှိသည်။

ဥပမာ-သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ၊ နွေထနောင်း ဆောင်းမန်ကျည်း၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၊ ပေတစ်သီးကျီးတစ်သား၊ အသီးတစ်ရာ အညှာတစ်ခု၊ အရိပ်နေနေ အခက်ချိုးချိုး၊ အသီးလို အပင်ရေလောင်း စသည်တို့ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကဗျာ၊ စာတို့တွင် စာရေးဆရာ၊ ကဗျာဆရာတို့က ဖော်ပြရေးသားထားကြသည်။ အလှအပ၊ သဘာဝကိုချစ်ခင်မြတ်နိုးမှ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ မြန်မာလူမျိုးတို့သည် မိမိတို့၏ သဘာဝဝန်းကျင်ကို ချစ်ခင်ကြသောသူများဖြစ်ကြသည်။ တော၊ တောင်၊ ရေ၊ မြေသဘာဝပါပါသည်။ ခြုံ၍ပြောရလျှင် သစ်တောနှင့်သစ်ပင်ချစ်ခင်သောလူမျိုးဟု ဆိုပါရစေ။

**ကိုးကား**

- **မြန်မာ့ယဉ်ကျေးမှုစာပေနှင့် သမိုင်းလာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အစဉ်အလာများ**

**ကိုဇော်ဒွေး(ယဉ်ကျေးမှု)**

# ဒသဂီရိနန်းတက်ခန်း

ရာမဇာတ်၌ ဒသဂီရိသည် မင်းတစ်ပါးဖြစ်ကြောင်း ပိုမိုခိုင်မာစေရန် ဒသဂီရိနန်းတက်ခန်းကို ကပြခြင်းဖြစ်သည်။ ဇာတ်လမ်းတွင် နန်းပြိုင်နှစ်ပြည်တည်ရန်ဖြစ်ပါက ဒုတိယဇာတ်ဆောင်၏နန်းကို နောက်မှတည်ကြသည့် အစဉ်အလာအတိုင်းပင်ဖြစ်သည်။ ကန်ဆင်းကန်ထခန်းမှ သီတာမင်းသမီး မီးပုံဆင်း၍ သစ္စာဆိုခန်းထိ၊ နန်းပလ္လင်ကိုမတွေ့ရသော ဤဇာတ်ကြောင်းဝယ် မြန်မာဇာတ်ကြီးအစဉ်အလာကို လိုက်နာခြင်းသဘောဖြင့် ပလ္လင်ခင်းကာ နန်းတက်ခြင်း၊ တစ်နည်း ညီလာခံအခန်းထိုးသွင်းခြင်းလားဟု တွေးဆနိုင်သည်။ အကသက်သက်ဖြင့် သရုပ်ဆောင်လှုပ်ရှားသော၊ အနောက်တိုင်းအခေါ် ကဇာတ် (pantomime) ဆန်စွာကပြသည်၊ ဆိုင်ရာဇာတ်ရုပ် တို့၏ မျက်နှာဖုံးတို့ကိုစွပ်ကာ ဆင်ယင်ဝတ်စား၊ သရုပ်ဖော်ကြသော မြန်မာရာမာယဏ၏လွှမ်းမိုးမှု၊ တစ်နည်းအားဖြင့် မြန်မာရာမယဏကို ကဇာတ်အသွင်တင်ဆက်မှုကောက်ကြောင်းအတိုင်း လိုက်ပါချဉ်းကပ်မိသည်။

ဒသဂီရိနန်းတည်ခန်းသည် ရာမဇာတ်လမ်း၌ ဇာတ်ပျိုးခြင်းအဆင့်သာရှိသေးသော်လည်း ဇာတ်သဘောအရ အားပြိုင်မှုပုံရိပ်ကို ပရိသတ်ထံကပြအပ်နှံလိုက်ခြင်းပင်ဖြစ်သည်။ ကဇာတ်အသွင် တင်ဆက်မှုဝယ်ဒုတိယပိုင်း၏ စီးမျောမှုအတွင်း၌ ဤအခန်းသည် အလိုက်သင့်လိုက်ပါလာခြင်းဖြစ်သည်။ ဒသဂီရိသည် မင်းတစ်ပါးဖြစ်သည်နှင့်အညီ အခမ်းအနား၊ ဆက်တင်ကိုလည်း ဘီလူးမင်းနှင့်လိုက်ဖက်စွာ ခင်းကျင်းပေးထားသည်။ စိမ်းညို့သော နောက်ခံဘီလူးနန်းကား၊ အခမ်းအနားဆရာတို့က ဘီလူးပလ္လင်ဟုအမည်တပ်သော ပလ္လင်တို့သည် ကြည့်ရှုသူတို့ကို "ဘယာနကရသ"ကိုဖြစ်စေတော့သည်။ မြင်နေတွေ့နေရသည့် ပလ္လင်မဟုတ်၊ ပလ္လင်ရှစ်ခန်း၌လည်း မပါဝင်သည့် ဘီလူးပလ္လင်သည် ဟုတ်ယောင်မှုအတတ်ပညာဖြင့် ပံ့ပိုးထားခြင်းဖြစ်သည်ကိုမူ လက်ခံရမည်ဖြစ်သည်။ သဏ္ဍာန်လုပ်သရုပ်နှင့် တူရမည်ဆိုသောစကားနှင့်အညီ ကဇာတ်တို့သည် သရုပ်တူအောင် နည်းအမျိုးမျိုးဖြင့် အားထုတ်ကြလေသည်။ ထို့ကြောင့် ခင်းကျင်းပြသသောဇာတ်ကြောင်း၊ ဇာတ်ကွက်၏ ကာလ၊ ဒေသကိုဖော်ပြသော နောက်ခံ(ပိတ်) ပန်းချီကားများကို ပီပြင်စွာရေးဆွဲကြခြင်းဖြစ်သည်။ ဒသဂီရိဘီလူးမင်း၏ စရိုက်နှင့်လျော်ညီသောပံ့ပိုးဆက်တင်သည် သဏ္ဍာန်လုပ် သရုပ်တူ၍ အဟုတ်ထင်ယောင်လာအောင် ကြိုးပမ်းခြင်းသာဖြစ်သည်။

ရှေ့အခန်း၏လေပြေကိုနားဆင်ရသည်။လေပြေဝယ် "ညဉ့်သုံးယံခါ"ပတ်ပျိုး (လေးမယ့်ကဲ)၂ (ရေမဟန်သလေး)၂ သီချင်းကိုနားဆင်လိုက်ရသည်။ ထို့နောက် ဇာတ်ရုပ်ကို ထွက်ခဲ့တော့ဟု လှမ်းခေါ်သည့် ဘီလူးကရောင်းအတိုက်ကို စည်နှင့်ချကာ တီးပေးလာသည်။ ကရောင်းသံ၊ စည်သံတို့နှင့်အတူ ပြည်ဖုံးကားပွင့်လာခဲ့သည်။ ရာမဇာတ်ဖြစ်သော်လည်း မြန်မာဇာတ်တော်ကြီးဆန်စွာ လေပြေနှင့် တိမ်ထိုးခြင်းတို့ကို တေတျာသံတို့ဖြင့် သပ်ရပ်စွာလူးလိမ့်ပြထားသည်မှာ နှစ်လိုဖွယ်ပင်ဖြစ်တော့သည်။

ဦးစွာ ဘီလူးနန်းကားနှင့်ဘီလူးပလ္လင်ကိုမြင်လိုက်ရသည်။ ရာဇာတို့၏ အဆောင်အယောင်ဖြစ်သည့် ကွမ်းတောင်၊ ပန်းတောင်တို့ကလည်း အလိုက်သင့်ရှိနေကြသည်။ နန်းညီလာခံဝယ် ဝန်ကြီးများ၊ညီတော်၊ သားတော်တို့သည် ပြားဝပ်ခစားနေကြသည်ကို မြင်တွေ့ရသည်။

ဒသဂီရိဘီလူးမင်းသည် စည်သံနှင့်အတူ ဝင့်ထယ်စွာဝင်ရောက်လာတော့သည်။ သူ၏လက်ထဲဝယ် သန်လျက်ကို ကိုင်ဆောင်ထားသည်။ ပလ္လင်သည် ဒသဂီရိမင်း၏ အချုပ်အခြာဖြစ်၍ သန်လျက်သည် မင်း၏အာဏာကို ဖော်ပြနေခြင်းပင်ဖြစ်သည်။ ဒသဂီရိဘီလူးမင်းသည် ညီလာခံနန်းကို ရှုကြည့်ဟန်ဖြင့် သရုပ်ဆောင်ပြသည်။ ထို့နောက် ညီတော်၊ သားတော်များကို နှုတ်ဆက်ဟန်ပြုပြီး ပလ္လင်ထက်၌ တက်ထိုင်လိုက်သည်။ မြန်မာဘုရင်တို့က ပလ္လင်ထက် ထက်ဝယ်ဖွဲ့ခွေကာ ထိုင်ကြသည်။ ဘီလူးမင်းကမူ ညာခြေကိုထက်ဝယ်ဖွဲ့ခွေကာ ပလ္လင်အထက်သို့တင်ကာ ဘယ်ခြေကိုမူ နန်းကြမ်းပြင်နှင့်ထိကာ တွဲလောင်းချထားသည်။ ရာဇာတို့၏ သရုပ်ဆောင်မှုဟန်ကိုခွဲခြားကွဲပြားစေခြင်းဖြစ်သည်။ ပလ္လင်အထက်မှ ဘီလူးမင်းကို ဘီလူးရဲမက်တို့က လှံယိမ်းဖြင့် အင်အားပြဖျော်ဖြေတင်ဆက်ကြသည်။ မြူးကြွသောတီးလုံးအတိုလေးဖြင့် ကပြတင်ဆက်သော လှံယိမ်းအဆုံးဝယ် ရဲမက်တို့က ဘီလူးမင်းကို ဦးတိုက်လိုက်ကြသည်။ ကရောင်းတီးချက်နှင့်အတူ ဘီလူးမင်း၏ဘုန်း၊ လက်ရုံးဆန့်



ဒသဂီရိ သမင်လွှတ်ခန်းကို တွေ့ရစဉ်

တန်းဟန်ကို မြင်ရသည်။ ဘီလူးပလ္လင်ဝယ် တပ်ဆင်ထားသော မျက်လုံးနှစ်လုံးက ရဲရဲနီသော ( Lighting Effect )ဖြင့် ဘီလူးမင်း၏သရုပ်ဆောင်မှုကို ပံ့ပိုးပေးလာကြသည်။

ထိုရဲရဲနီသော မျက်လုံးတို့မှ တေဇာအာဏာထန်ပြင်းဟန်ဖြင့် မီးခိုးငွေ့များ ထွက်လာကြသည်။ တစ်ဆက်တည်းပင် စည်တိုမွေ့ချက်နှင့်အတူ ငိုချင်းတီးလုံးက ထပ်ချပ်ကပ်ပါလာတော့သည်။ ရဲမက်တို့က အလိုက်သင့်ထွက်ခွာသွားကြသည်။ ဘီလူးမင်း၏ နှမတော် ဂမ္ဘီသည် ငိုချင်းတီးလုံးနှင့်အတူ အမလေးတကာ နန်းညီလာသို့ပြေးဝင်လာတော့သည်။

ညီလာခံသည် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားဟန်ကို ဝိုင်းဝန်းသရုပ်ဆောင်ကြသည်။ ဘီလူးမင်းလည်း ရုတ်တရက် အံ့ဩဟန်ဖြင့် ထရပ်လိုက်သည်။ဂမ္ဘီသည် ပြေးဝင်လာပြီး ဘီလူးမင်းနှင့် မနီးမဝေးဝယ်ထိုင်ချလိုက်တော့သည်။ ဆိုင်းကငိုချင်းကိုတေတျာသံပေးလိုက်ပြီး ချွတ်သံကို မတိုးမကျယ်ခင်းပေးလာခဲ့သည်။ ဒသဂီရိသည် ဂမ္ဘီအား အဘယ်ကြောင့် ရှိုက်ကြီးတငင်ငိုကြွေးလာရသနည်းဟု မေးဟန်ဖြင့် လက်ညှိုးကို ဂမ္ဘီအားညွှန်၏။ ထို့နောက် ညွှန်သည့်လက်ကို ပြန်ရုပ်သည်။ ဘီလူးမင်း၏လက်ဟန်သည် မာန်ပါသည်။ ထိုဟန်သည်ကနေခဲ့သည်။ ကဟန်အတွင်းဝယ် စကားလုံးတို့သည် စီတန်းကာပါလာကြသည်။ နှမတော်ဂမ္ဘီကသူ၏ သားနှစ်ပါးအသတ်ခံရကြောင်း ပြန်လည်လျှောက်တင်သည်။ ဆိုင်းက စည်တိုသံဖြင့် ဆိုးပေးလိုက်သည်။ ဘီလူးမင်း၏ဒေါသကို စည်တိုသံဖြင့် လိမ့်ကာပံ့ပိုးပေးကြသည်။ ဘီလူးမင်းက "ငါ့ တူတော်တွေကို သတ်တာမည်သူနည်း"ဟု ခပ်ဆတ်ဆတ်မေးဟန်ပြသည်။ နှမတော်က ဟိုးခပ်ဝေးဝေးသို့ လက်ညှိုးညွှန်ပြသည်။ သတ်သူတို့၏အရပ်အနိမ့်အမြင့်ဟန်ကို သရုပ်ဆောင်ပြောပြသည်။ တစ်ဖန် ခါးသေးရင်ချီဟန်ကိုလည်းပြသည်။ သူတို့ကိုလက်စားချေပေးပါရန်လည်း ဟန်သရုပ်ပြသည်။ ဂမ္ဘီ၏စကားလုံးတို့ အဆုံးဝယ်ဒသဂီရိ၏တုန်လှုပ်ချောက်ချားဟန်က ကပ်ပါလာတော့သည်။ စည်တိုသံအလူးအလိမ့်က ဘီလူးမင်းကြောက်ရွံ့နေဟန်ကို ထိထိရောက်ရောက်ပြောပြလာသည်။

မြန်မာကဇာတ်သည် အနောက်တိုင်းအခေါ် ကဇာတ် (Pantomime) ပညာနှင့် များစွာနီးစပ်သည်။ ဇာတ်ကောင်တို့သည် စကားပြောဆိုခြင်းမပြုဘဲ ကိုယ်ဟန်အမူအရာ၊ မျက်နှာပေးတို့ဖြင့် သရုပ်ဖော်ကပြခြင်းဖြစ်သည်။ မျက်နှာဖုံးစွပ်ကာ သရုပ်ဖော်နေကြသော အပြောနှင့်အကသည် ပရိသတ်တို့ကို နားလည်စေသည်။ ရသကိုးပါးသည် ပံ့ပိုးဆိုင်းတီးချက်နှင့်အတူ လိုရာရောက်သည်။ ယခုလည်း ဒသဂီရိဘီလူးမင်း၏ ကြောက်ရွံ့ဟန်သည် ရာမလေးတင်ခန်းကို ကြည့်ရှုဖူးသူများအတွက် ဘာကြောင့်ဟုပြောရန်မလိုသည်ထိ သက်ရောက်နေသည်။

ရုပ်ဆိုင်းဖြစ်သည့် ဂမ္ဘီကလည်းသူ၏ ဘယ်လက်ဖဝါးပေါ် ညာဘက်လက်သီးဖြင့်ထုဟန်ပြု ပြသရုပ်ဆောင်သည်။ ညာဘက်လက်သီးကိုပင် ခပ်ဆတ်ဆတ်ပြန်ရုပ်သည်။ ဘာတွေကြောက်စရာရှိနေလို့လဲ၊ မှုရန်မလိုပါ"ဟု ပြောဟန်ပင်ဖြစ်သည်။ ဘီလူးမင်းက သူ့နားနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် စုံပိတ်လိုက်သည်။ "ရာမဆို နားကြောကစိမ့်ပါဘိ၊ မိထိလာပြည်နန်းရင်ပြင်က လေးတင်ပွဲမှာ၊ မသေအောင် မနည်းပြေးလာရတာပဲ မိကွိရဲ့"ဟု ပြောဟန်ကို သရုပ်ဆောင်ပြသည်။ အစ်ကိုတော်၏အမူအယာကို ဂမ္ဘီက နားလည်လိုက်သည်။ လက်တစ်ဖက်ဖြင့် နားထင်ကိုထောက်သည်။ မျက်ဆံအနက်က ဘယ်မှညာ၊ ညာမှဘယ်ဆိုင်း၏ ဆိုချက်နှင့်အတူ အပြေးအလွှားဖြင့် ဉာဏ်ထုတ်ဟန်ပြုသည်။ ထို့နောက်မှ အစ်ကိုတော်အား ဦးတင်ဟန်ပြုသည်။ ခါးသေးရင်ချီဟန်ကိုပြကာ အစ်ကိုတော်အဲ့ဒီသီတာကို မလိုချင်ဘူးလား၊ သီတာနဲ့ပေါင်းဖက်နိုင်ဖို့ နှမတော်အကြံပေးပါ့မယ်"ဟူသောစကားတို့ကို ကိုယ်ဟန်အမူအရာ၊ မျက်နှာပေးတို့ဖြင့် ပြောဟန်ပြုသည်။ ဂမ္ဘီကို ကျောခိုင်းထားသည့် ဒသဂီရိသည် ချက်ချင်းပင် ဂမ္ဘီနှင့်မျက်နှာပြန်မူလာသည်။ ဒသဂီရိ၏လက်သည် လှုလှပပလေးကသွားသည်။ အကသည် "ပြောစမ်း ညီမအကြံဟု မေးဟန်ဖြစ်သည်။ မျက်နှာသည် ရင့်ရာမှနုသွားသည်ထိဖြစ်တည်သွားသည်။

ဂမ္ဘီက နန်းညီလာခံ၏အပြင်ဘက်သို့ လက်ညှိုးညွှန်ဖြစ်သည်။ ဦးရီးတော်မာရဇ္ဈကို ညွှန်းဟန်ပြသည်။ လက်နှစ်ဖက်ကိုလည်း ဦးခေါင်းထက်ဝယ် ဦးချီဟန်ဆောင်ပြသည်။ "လွယ်ပါတယ် မောင်ကြီးရဲ့ ဟောဟိုက ဦးရီးတော်မာရဇ္ဈကို ရွှေသမင်ယောင်ဆောင်ခိုင်းပြီး သီတာရှိရာကို စေလွှတ်လိုက်၊ ရွှေသမင်ကိုလိုချင်ပါတယ်လို့ သီတာကရာမကို ပူဆာလိမ့်မယ်၊ ရာမရွှေသမင် ဖမ်းဖို့ထွက် အသွား၊ သီတာကို လွယ်လွယ်ကူကူသိမ်းပိုက် လိုက်ရုံပေါ့မောင်ကြီးရဲ့"ဟူသောစကားလုံးတို့သည် လက်ဖျားမှ ကဗျာဆန်စွာ ထွက်အန်ကျလာတော့သည်။ ဘီလူးမင်းက လက်နှစ်ဖက်ဖြင့် ရင်ကိုချီဟန်၊ မျက်နှာကိုပင့်တင်ဟန်ဖြင့် လှုပ်လှုပ်ရှားရှားပြသည်။ ဂမ္ဘီပေးသည့်အကြံကို သဘောကျနှစ်ခြိုက်ဟန်သရုပ်ဆောင်ခြင်းဖြစ်သည်။ ထို့နောက် ဘီလူးရဲမက်တစ်ယောက်ကို "ဦးရီးတော် မာရဇ္ဈအားဆင့်ခေါ်ရန်" လက်ညှိုးညွှန်ကာ အမိန့်ပေးသည်။

ကခွင်အတွင်းမှ ဘီလူးရဲမက်ထွက်သွားသည်။ ပြန်ဝင်လာသည်။ ဦးရီးတော် မာရဇ္ဈလည်း ထပ်ချပ်လိုက်ပါလာသည်။ ဆိုင်းသည် ဘီလူးကရောင်း၊ ချွတ်ပတ်မကြီး၏ဆို့ချက်၊ စည်တိုအလူးအလိမ့်တို့ဖြင့် ဇာတ်ရုပ်တို့နောက် ဖဝါးခြေထပ်ကာ အလိုက်သင့်ပြုပေးနေကြသည်။ ဦးရီးတော် မာရဇ္ဈ ခစားလိုက်သည်နှင့် ဘီလူးမင်းက ဂမ္ဘီပေးသောအကြံအတိုင်း ဦးရီးတော် မာရဇ္ဈကို ရွှေသမင်ယောင်ဆောင်ခိုင်းသည်။ မာရဇ္ဈက မပြုလုပ်လိုကြောင်း လက်ခါကာ သရုပ်ဆောင်သည်။ ဘီလူးမင်းက ခြေဆောင့်လိုက်သည်။ သီတာကိုရယူလိုသည့်ဆန္ဒသည် ငယ်ထိပ်ရောက်နေပြီဖြစ်သည်။ ငြင်းဆန်သူ ဦးရီးတော်မာရဇ္ဈကြောင့် ဒေါသအလျှံသည် ကပ်ပါလာဟန်ကို သရုပ်ဆောင်သည်။ တစ်ဖန် ဦးရီးတော် မာရဇ္ဈကို ထုထောင်းဟန်ပြုသည်။ "ကျုပ်ခိုင်းတဲ့အတိုင်းလုပ်"ဟု ပြင်းပြင်းထန်ထန် ပြောဟန် သရုပ်ဆောင်ပြသည်။ "သွားလေသွားတော့ သွား"ဟု ဘယ်လက်ကိုမြှောက်ကာ ညွှန်ပြသည်။ နောက်ဆုံးဝယ် ဦးရီးတော်မာရဇ္ဈလည်း လက်ခံလိုက်ရသည်။

နန်းညီလာခံမှ ဦးရီးတော်မာရဇ္ဈလည်း ပြန်လည်ထွက်ခွာသွားသည်။ ဘီလူးမင်းက ဘယ်လက်မြှောက်လျက်အတိုင်း ကျန်ခဲ့သည်။ ဂမ္ဘီက သူ့အကြံအောင်ပြီဟူသောသဘောဖြင့် ပြုံးဟန်သရုပ်ဆောင်ပြသည်။

ဒသဂီရိနန်းတက်ခန်းသည် ထိုမျှသာဖြစ်သည်။ ဆိုင်းကရာမဇာတ်ထွက် "တောင်ယံလယ်ကြော၊ မြိုင်နယ်စုံ၊ ခိုင်ရွှေဥဒါန်၊ မာလာမွှန်"ကိုနှစ်ကြော့မျှသာသာတီးပေးရင်း ကရောင်းတီးချက်အပြည့်ဖြင့် ပြည်ဖုံးကားကိုပိတ်စေလိုက်သည်။ အားပြိုင်မှုပုံရိပ်ကို ပရိသတ်ထံတင်ပြအပ်နှံပြီးသည်နှင့် ဇာတ်ကောင်တို့၏အားပြိုင်မှုဝန်းကျင်ကို ပို၍ချဲ့လိုက်ပြန်သည်။ ဒသဂီရိရွှေသမင်လွှတ်ခန်းသည် ဇာတ်ကောင်တို့၏ အားပြိုင်မှုဝန်းကျင်ကို ပိုမိုနီးစပ်လာစေတော့သည်။

ကရောင်းအပြည့်တီးချက်များ၊ ချွတ်တီးလုံး များ၊ ဂီတသံအဖေး-အဆူများ၊ မြိုင်ကြီးဟေမာယိုးဒယားသီချင်းဖြင့် သမင်ယိမ်းအကများသည် ဖိတ်ကြိုတောက်ပနေတော့သည်။

ဒသဂီရိနန်းတက်ခန်းသည် မြန်မာဇာတ်ကြီး၏ အငွေ့အသက်၊ ဟုတ်ယောင်မှုအတတ်ပညာ၏ လှည့်စားမှု၊ ဇာတ်အစဉ်၏မှန်ကန်သောရွေ့လျားမှုအောက်ဝယ် မြန်မာရာမယဏပီသစွာဖန်တီးကပြနိုင်ခြင်းသော ဇာတ်ဝင်ခန်းတစ်ခန်းဖြစ်ခဲ့ပါတော့သည်။

**ကိုးကား**

- ပြဇာတ်နှင့်ပြဇာတ်စာပေ (စာပေဗိမာန်)

# လက်ဘနွန်နိုင်ငံတောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံး



**ဘေရွတ် ဇွန် ၁၀**

လက်ဘနွန်နိုင်ငံ တောင်ဘက်ပိုင်းတွင် ဇွန် ၉ ရက်က တောမီးလောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံးကာ ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း လက်ဘနွန်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ဟူလာနယ်မြေတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး တောမီးအရှိန်ပြင်းထန်ကာ နေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ လက်ရှိ တောမီးလောင်ကျွမ်းမှုအရှိန် ပြင်းထန်နေသော်လည်း အခြေခံအဆောက်အအုံများပျက်စီးမှုမရှိသေးကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက လူအင်အားသုံးကာ ကြိုးပမ်းနေကြောင်း လက်ဘနွန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောင်ဘက်ပိုင်းနယ်မြေတစ်ခုဖြစ်တဲ့ ဟူလာနယ်မြေရဲ့ အာမစ်ရှ်ကျေးလက်ဒေသအနီးမှာ တောမီးပြင်းထန်စွာလောင်ကျွမ်းမှုဖြစ်ပွားနေပါတယ်။ တောမီးအရှိန်ပြင်းထန်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် လူနှစ်ယောက် သေဆုံးခဲ့တယ်။ တောမီးလောင်ကျွမ်းမှုဟာ နေအိမ်တွေဆီ ကူးစက်လာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ လောလောဆယ်တော့ အခြေခံအဆောက်အအုံတွေဆီ တောမီးကူးစက်လောင်ကျွမ်းနေတာမျိုးမရှိသေးပါဘူး။ ဒါပေမဲ့ လေတိုက်နှုန်းပေါ်မူတည်ပြီး တောမီးအရှိန်က ပိုပြီးမြင့်တက်လာနိုင်တဲ့အတွက်ကြောင့် တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု လက်ဘနွန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူထားရပြီး ရဟတ်ယာဉ်များဖြင့် ငြိမ်းသတ်လျက်ရှိကြောင်း၊ တောမီးငြိမ်းသတ်ရေးတွင် လက်ဘနွန် တပ်မတော်သားများက ပါဝင်ကူညီပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူလူထုများကလည်း ပါဝင် ကူညီပေးလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# သစ်ပင်စိုက်ပျိုးနည်းကို ကစားပေးခြင်းကြောင့် ကလေးငယ်များတွင် ခုခံအားစနစ်ကိုပြောင်းလဲစေနိုင်

**ဟယ်လ်ဆင်ကီး ဇွန် ၁၀**

ဖင်လန်နိုင်ငံ၏ စမ်းသပ်ချက်အရ ကလေးငယ်များသည် မြေကြီးများတူးဆွပြီး သစ်ပင်စိုက်ပျိုးခြင်းနည်းကို ကစားပေးခြင်းကြောင့် ကလေးငယ်များ၏ ခုခံအားစနစ်ကို ပြောင်းလဲစေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စိမ်းလန်းသော သစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုများမှ ကာကွယ်ပေးနိုင်သည့်အပြင် ကလေးငယ်များအနေဖြင့် ၎င်းတို့၏လက်များကို အသုံးပြု၍ မြေကြီးကိုဖွပြီး အပင်များစိုက်ပျိုးခြင်းသည် ကလေးများ၏ ခုခံအားစနစ်ကို တိုးတက်ကောင်းမွန်စေကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံပညာရှင် Marja Roslund က ၎င်း၏ လေ့လာမှုတွင် ဖော်ပြခဲ့သည်။

အဆိုပါတွေ့ရှိချက်ကို အတည်ပြုရန်အတွက် ဖင်လန်နိုင်ငံတွင် မတူညီသောမြို့များရှိ နေ့ကလေးထိန်းကျောင်း ၁၀ ကျောင်းမှ အသက် သုံးနှစ်မှ ငါးနှစ်ကြား ကလေးငယ် စုစုပေါင်း ၇၅ ဦးဖြင့် စမ်းသပ် အတည်ပြုခဲ့ကြောင်း၊ သုတေသီများ၏ လေ့လာမှုအရ ကလေးငယ်များ၏ အရေပြားနှင့် အစာအိမ်ရှိ မိုက်ခရိုဘိုင်အိုတစ်များသည် အဆိုပါစမ်းသပ်မှု မပြုလုပ်မီနှင့်ပြုလုပ်ပြီးနောက် ပိုမိုကောင်းမွန်သော ရလဒ်များကို တွေ့ရှိခဲ့ကြကြောင်း သိရသည်။

သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်များဖန်တီးနိုင်ခြင်းသည် ကလေး၏ အမြင်အာရုံအတွက် ကောင်းမွန်ပြီး ကလေးငယ်ဘဝတွင် သဘာဝနှင့် ထိတွေ့နေထိုင်ခြင်းက စိတ်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေကြောင်း၊ စိမ်းစိုသောနေရာများသည် ကလေးများ၏ ဦးနှောက်အတွင်းပိုင်းတည်ဆောက်ပုံဆိုင်ရာ ပြောင်းလဲမှုများနှင့် ဆက်စပ်နေကြောင်းလည်း အဆိုပါလေ့လာမှုတွင် တွေ့ရှိခဲ့သည်။

**Ref : Russia Today**

**Trs : KZ**

# ဖိလစ်ပိုင်နိုင်ငံတွင် ပတ်ဝန်းကျင်ညစ်ညမ်းစေသော သဘာဝဓာတ်ငွေ့သုံးစွဲမှုကို လျှော့ချနိုင်ခြင်းမရှိသေး

**မနီလာ ဇွန် ၁၀**

ဖိလစ်ပိုင်နိုင်ငံ ဘာတန်ဂတ်စ်ပြည်နယ်တွင် သဘာဝဓာတ်ငွေ့လောင်စာအသုံးပြုသည့် ဓာတ်အားပေးစက်ရုံသစ်လေးရုံ ထပ်မံတည်ဆောက်နေသည့်အတွက် အဆိုပါနေရာဒေသတွင် နေထိုင်သူများက ရာသီဥတုညစ်ညမ်းမှုဒဏ်ကို ခံစားနေကြရကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း သဘာဝဓာတ်ငွေ့သုံးစွဲမှုကို လျှော့ချခြင်း မပြုနိုင်သေးကြောင်း အဏ္ဏဝါဇီဝဗေဒပညာရှင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ စက်ရုံများတည်ဆောက်ရာနေရာများအနီး ပင်လယ်တွင် နေထိုင်ကျက်စားသော ပင်လယ်လိပ်များ၊ သန္တာကျောက်တန်းများနှင့် ပင်လယ်နေ ငါးငယ်လေးများ၏ ကျန်းမာရေးကို အဆိုပါ ဓာတ်အားပေးစက်ရုံများက ထိခိုက်မှုများဖြစ်စေကြောင်း၊ အဆိုပါဓာတ်အားပေးစက်ရုံတည်ဆောက်ရေး လုပ်ငန်းများသည် လုံးဝမပြီးစီးသေးသော်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ စတင်ဖြစ်ပေါ်နေပြီဖြစ်ကြောင်း အဏ္ဏဝါဇီဝဗေဒ ပညာရှင်များက ဆိုထားပြီး ဖိလစ်ပိုင်သည် ရာသီဥတုကို ထိခိုက်စေသော လောင်ကျွမ်းမှုမှတစ်ဆင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကြိုးပမ်းနေကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတစ်ဝန်းဓာတ်အားပေးစက်ရုံ ၂၄ ရုံခန့် ရှိကြောင်း၊ အာရှ-ပစိဖိတ် ဒေသတစ်ခုလုံးအတွက် ဖိလစ်ပိုင်သည် ဓာတ်ငွေ့ဗဟိုချက်ဖြစ်လာရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။



"ရာသီဥတုဒဏ်ခံနိုင်တဲ့ နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်ဟာ သဘာဝဓာတ်ငွေ့တွေကို အလွန်အကျွံထုတ်ယူတာကြောင့် ရာသီဥတုဘေးအန္တရာယ်တွေကို ဆိုးဆိုးရွားရွားခံစားလာရနိုင်ပါတယ်။ ဒါကြောင့် ရာသီဥတုနဲ့ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းတဲ့ လောင်စာအသုံးပြုမှုကို လျှော့ချရမှာဖြစ်ပြီး အစိမ်းရောင်စွမ်းအင်တွေကို ဆက်လက်ရှာဖွေရမှာပါ"ဟု ဖိလစ်ပိုင် စွမ်းအင်၊ ဂေဟဗေဒနှင့်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာ Gerry Arances က ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : KZ**

# ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

**ဟနွိုင်း ဇွန် ၁၀**

ဗီယက်နမ်နိုင်ငံ မြောက်ဘက်ပိုင်းရှိ စီရင်စုများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆိုးရွားသောရေဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရပြီး ဇွန် ၉ ရက်တွင် ရေကြီးရေလျှံမှုမှာ ပိုမိုဆိုးရွားလာခဲ့ကာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ဗီယက်နမ်နိုင်ငံ Natural Disaster Prevention and Control အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အပြင် နေရာအနှံ့အပြားတွင် မိုးသက်လေပြင်း ကျရောက်မှု၊ လေဆင်နှာမောင်းဝင်ရောက်မှုနှင့် မိုးသီးများ ကျရောက်မှုကြောင့် အဆောက်အအုံတချို့ ပျက်စီးခဲ့ပြီး လမ်းမကြီးများထက်တွင် ရေလွှမ်းနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲလျက်ရှိကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် ဒေသများမှာ Hoan Kiem ခရိုင်မှ ဒေသများဖြစ်ပြီး ဟနွိုင်းမြို့တော်တွင်လည်း ရေလွှမ်းနေသည့်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ရပ်ဆိုင်းထားရကြောင်း သိရသည်။

"ဟနွိုင်းမြို့အပါအဝင် မြောက်ဘက်ပိုင်းမှာရှိတဲ့ စီရင်စုတွေမှာ မိုးရေချိန်မြင့်မားတဲ့အတွက် ဆိုးရွားတဲ့ရေဘေးအန္တရာယ်တွေ ဖြစ်ပေါ်နေပါတယ်။ မိုးသက်လေပြင်းတွေ၊ လေဆင်နှာမောင်း၊ လျှပ်စီးလက်တာတွေ၊ မိုးသက်လေပြင်းနဲ့အတူ မိုးသီးတွေပါ ကျရောက်တဲ့အတွက်ကြောင့် အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ တောင်ပေါ်ဒေသတချို့မှာ မြေပြိုကျမှုတွေပါဖြစ်ပေါ်နေပါတယ်"ဟု National Centre for Hydro-Meteorological Forecasting အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုသည် Hoang Mai၊ Long Bien နှင့် Thanh Tri ခရိုင်တို့တွင်လည်း အန္တရာယ်ရှိသည့်အခြေအနေသို့ ရောက်ရှိနေပြီး ၎င်းခရိုင်ရှိ ဒေသတချို့တွင် မိုးရေချိန်မှာ ၁၀၀ မီလီမီတာမှ ၁၄၀ မီလီမီတာထိ မြင့်တက်နေကြောင်း Natural Disaster Prevention and Control အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံအနောက်တောင်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှု သတိပေးချက်ထုတ်ပြန်ထား

**ဝါရှင်တန် ဇွန် ၁၀**

အမေရိကန်နိုင်ငံ အနောက်တောင်ဘက်ပိုင်း ပြည်နယ်များတွင် အပူလှိုင်းများ ဖြတ်သန်းနေသဖြင့် ၎င်းပြည်နယ်များတွင် နေထိုင်သော ဒေသခံများကို အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာန(NWS) က အပူလှိုင်းဖြတ်သန်းမှုသတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် စံချိန်တင် အပူချိန်မြင့်တက်လာပါက ၂၀၂၄ ခုနှစ်၏ အပူချိန်အမြင့်မားဆုံးအခြေအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ အမြင့်မားဆုံးအပူချိန်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ပြည်နယ်များမှာ အမေရိကန်အနောက်ဘက်ပိုင်းပြည်နယ်များဖြစ်ပြီး အပူလှိုင်းများသည် အနောက်တောင်ဘက်ပိုင်း ပြည်နယ်များမှ တစ်ဆင့် လာမည့်ရက်သတ္တပတ်တွင် အရှေ့ဘက်ပိုင်း ပြည်နယ်များသို့ ရွှေ့ပြောင်းသွားဖွယ်ရှိနေကြောင်း NWS က ထုတ်ပြန်ခဲ့သည်။

"အမေရိကန်အနောက်တောင်ဘက်ပိုင်းပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းနေပါတယ်။ အပူချိန် စံချိန်တင်မြင့်တက်မှု အခြေအနေဖြစ်ပါတယ်။ အပူချိန်ဟာ ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်တယ်။ လူဦးရေ ၂၉ ဒသမ ၇ သန်းထိ အပူချိန်မြင့်တက်မှုပြဿနာနဲ့ရင်ဆိုင်ရနိုင်ပြီး အဆိုးရွားဆုံးအပူချိန်မြင့်တက်မှုပြဿနာနဲ့ရင်ဆိုင်ရနိုင်တဲ့ လူဦးရေ ခြောက်သန်းလောက်ထိ ရှိနေပါတယ်"ဟု NWSမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

National Integrated Heat Health Information System ဖြင့်လည်း အပူလှိုင်းဖြတ်သန်းနေသည့်ဧရိယာများတွင် အပူလှိုင်းနှင့် ဆက်စပ်သော အခြေအနေများကို အချိန်ပြည့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ပြည်နယ်များမှာ ကယ်လီဖိုးနီးယားပြည်နယ်၊ အရီဇိုးနားပြည်နယ်၊ နီဗားဒါးပြည်နယ်တို့ဖြစ်ပြီး ဖီးနစ်ပြည်နယ်သည်လည်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-9 တွင် ပညာသင်ကြားနေသော မပန်ဇင်သော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်လင်းအောင် ဖြစ်ပါကြောင်း။

**ဦးဇော်လင်းအောင်(၅/ ရဘန(နိုင်)၁၆၈၉၈၀)**

## ပျောက်ဆုံးကြောင်း

မလှိုင်မြို့နယ်၊ ဆပ်ခင်းကြီးကျေးရွာနေ မောင်သန်းထွန်းအောင်(ဘ)ဦးစိန်မောင်(၉/မလန(နိုင်)၁၀၅၂၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-810635) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **၀၉-၄၀၀၀၈၅၄၇၄**

## ပျောက်ဆုံးကြောင်း

ရွှေဘိုမြို့၊ ကျုံးတော်တွင်းရပ်နေ မစုမွန်လှိုင် (ဘ) ဦးအောင်ထွန်း(၅/ရဘန(နိုင်)၀၀၁၃၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-004511) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၀၆၆၂၉၅၅**


## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ သင်ပြွန်းကျေးရွာနေ မောင်ဝေယံစိုး (ဘ) ဦးဌေးအောင် (၉/မခန(နိုင်)၂၉၆၂၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-864747) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **၀၉-၉၅၇၁၃၀၇၄၆**

## ပျောက်ဆုံးကြောင်း

မတ္တရာမြို့နယ်၊ တုံကုန်းကျေးရွာနေ ဦးခိုင်ထွန်း (ဘ) ဦးကံစိန်(၉/မတရ(နိုင်)၂၀၉၅၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-004382) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၀၀၇၈၂၇၈**

### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများစားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ နန်းဆိုင်းဆိုင်းမွန် (ဘ) ဦးစိုင်းအုန်းအုန်း (၅/ခတန(နိုင်)၀၂၆၅၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-160577) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၀၆၉၆၉၀၀**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ ဟိန်းချမ်းမြေ့ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မအိန္ဒြေမိုးမိုးခန့် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလင်း ဖြစ်ပါကြောင်း။

**ဦးလင်း(၉/တတဉ(နိုင်)၀၈၄၁၄၉)**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ရွာပုလဲကျေးရွာနေ ဦးတင်မောင်စိုး-ဒေါ်လှလှဌေး တို့၏သား မောင်အာကာဖြိုး ၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၃-၄-၂၀၀၃ ဖြစ်ပါကြောင်း။ **၁၃-၄-၂၀၀၃**

### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်အုပ်စု၊ ကုလားကြီးခြံကျေးရွာနေ ဦးလူတင်-ဒေါ်မြဌေး တို့၏သားငယ် **မောင်မြင့်ဇော်အောင် (၉/ပသက(နိုင်)၁၁၆၁၆၃)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးလူတင်(၅/ကနန(နိုင်)၀၀၇၅၄၄)**
**ဒေါ်မြဌေး(၉/ပသက(နိုင်)၀၉၉၂၀၀)**

## အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ (ဆ)ရပ်ကွက်၊ ၈၈-၁၂/၃၂(က)၊ ၁၃၁×၁၃၂ ကြား အိမ်ရှင်ဦးမင်းသူ မှ အိမ်ငှား ကိုရဲနိုင်-မမေသူ ငှားရမ်းကာလကျော်လွန်ပြီးသည်အထိ စောင့်ဆိုင်းကာလ (၅)လစောင့်ပြီးဖြစ်ပါသဖြင့် (၇)ရက်အတွင်း ကျန်ရှိပစ္စည်းလာယူရန် ကြေညာအပ်ပါသည်။ (၇)ရက်ကျော်လွန်ပါက တာဝန်မယူကြောင်း အိမ်ရှင်မှ အသိပေးကြေညာအပ်ပါသည်။

**အိမ်ရှင်**
**ဦးမင်းသူ**
**(၉/မရတ(နိုင်)၁၀၉၇၈၃)**
**(ဆ)ရပ်ကွက်၊ ၈၈-၁၂/၃၂(က)**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ပြည် တိုးတက်ရေးအတွက် အစိုးရက ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းနိုင်မည်ဖြစ်...

❖ ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများ၊ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့်၊ ပြည်သူက အားကိုးရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ဆိုင်ရာပညာသည်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၌ ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ဘေ့အရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ဘေ့အရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား၊ သင်တန်းသူများကို တက္ကသိုလ်အလိုက် ဘွဲ့နှင်းသဘင်ခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးများစွာကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com